ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလိုဖ် အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(မွေ့ပဒ–၁၇၂)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ | Wednesday, 7 July 2021 | ၁၀၄၂၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့အား နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၇၆/၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင် နေထိုင်သည့်ပြည်သူများအနေဖြင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



# ချောင်းဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

ချောင်းဦး ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီမှစတင်ပြီး နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မုံရွာမြို့ရှိ အမှတ်- ၇ စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့် ချောင်းဦးမြို့နယ်ပြည်သူ့ဆေးရုံဝန်ထမ်းများ စုပေါင်းပြီးထိုးနှံပေးခဲ့ရာ ချောင်းဦးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း ၂၂၆ ဦးအား တတိယအသုတ် ပထမအကြိမ်အဖြစ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့တွင် နိုင်ငံ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များ၊ အသက် ၆၅ နှစ် အထက် သက်ကြီး အဘိုးအဘွားများအား ပထမအသုတ်အဖြစ် ၅၀၀၊ ဒုတိယအသုတ်အဖြစ် ၅၀၀၊ တတိယအသုတ်အဖြစ် ၂၂၆ ဦး ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ယခုအခါ ချောင်းဦးတစ်မြို့နယ်လုံး ၁၂၂၆ ဦး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆေးထိုးနှံပေးနိုင်ရန်အတွက် ချောင်းဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## အချုပ်ပို ၈ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချုပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

ကြေးမုံ ယနေ့ ဖတ်စရာ

ရည်မှန်းချက်တာဝန် — စာမျက်နှာ » ၆

တန်ဖိုးရှိတဲ့လူ — စာမျက်နှာ » ၂၀

နှစ်တစ်ရာအတွင်း ဖြစ်ထွန်းခဲ့သော အောင်မြင်မှုများ — စာမျက်နှာ » ၁၀

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ — စာမျက်နှာ » ၁၆



အခန်းဆက် ဝတ္ထုရှည် — စာမျက်နှာ » ၂၁

ကြေးမုံ

# အကုသိုလ်ရှောင်ရှား လောကအကျိုးဆောင်

သတ္တဝါတို့သည် မိမိတို့ပြုလုပ်သော ကောင်းကံ၊ ဆိုးကံအတိုင်းသာ စံကြရ၊ ခံကြရသည်။ ထိုကံအကျိုးပေးမှုကို တစ်မျိုးတစ်မည်ဖြစ်အောင် မည်သည့်တန်ခိုးရှင်ကမှ ပြုပြင်ပြောင်းလဲ ဖယ်ရှားခုခံနိုင်ခြင်းမရှိပေ။ မလွဲမသွေ ဧကန်မုချဖြစ်တတ်သောသဘောရှိ၍ "နိယာမတရား" ဟုခေါ်သည်။ ကံနှင့် ကံ၏အကျိုးတို့ကို ဖော်ဆောင်ထားသော ကမ္မနိယာမသည် အလွန်ဆန်းကြယ်လှသည်။ ကမ္မသဘောအရ မိမိအမှုကို မိမိတာဝန်ယူရခြင်းသာလျှင် ဖြစ်သည်။

ဥပမာ- သူတစ်ပါးတို့အား စိတ်ဆင်းရဲအောင်၊ ထိခိုက်နစ်နာအောင်၊ တဏှာ ရာဂ ကိလေသာတိုးပွားအောင် ပြုလုပ်သူသည် မျက်မှောက်ဘဝနှင့် တမလွန်ဘဝတို့၌ မကောင်းကျိုးဆင်းရဲကို မုချခံစားရမည်ဖြစ်သည်။ အကုသိုလ်ကံဆိုသည်မှာ အပြစ်ရှိခြင်း၊ မကောင်းသောအကျိုးကိုပေးခြင်းသဘော ရှိသည်။ မကောင်းမှုပြုသူသည် တူသောအကျိုးကို ခံစားရမည်သာဖြစ်သည်။ သူတစ်ပါး အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက်၊ လုယက်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း စသည့်အမှုတို့သည် တရားဥပဒေကို ချိုးဖောက်သော ဒုစရိုက်အမှုတို့ဖြစ်သည်။

ကုသိုလ်ကံဆိုသည်မှာ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်းသဘောရှိသည်။ ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုပြုလုပ်နေသောအချိန်၌ လောဘ၊ ဒေါသ၊ မာန၊ ဣဿာမစ္ဆရိယ စသော စိတ်၏ အညစ်အကြေး အပြစ်အနာအဆာများ မရှိသဖြင့် "အပြစ်မရှိ"ဟု ဆိုလိုသည်။ ကုသိုလ်ကောင်းမှု ပြုနေသောသူသည် ကောင်းသောအမှုကို ပြုနေရသည့်အတွက် ဤဘဝ၌လည်း ဝမ်းသာရွှင်ပျ ချမ်းသာရ၏။ တမလွန်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာရွှင်ပျ ချမ်းသာရ၏။

သူတစ်ပါးတို့အား စိတ်ချမ်းသာအောင်၊ အကျိုးရှိအောင်၊ ကုသိုလ်တိုးပွားအောင် ရွက်ဆောင်ပေးသူသည် ယခုဘဝနှင့်တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ဧကန်အမှန်ပင်ခံစားကြရ၏။ ဤအချက်တို့ကို ကိုယ်တွေ့သဘောပေါက်ထားသူတိုင်း တရားတော်တို့က ညွှန်းဆိုဖော်ပြပေးထားသည့် ဆောင်စရာ၊ ရှောင်စရာများကို ဆောင်ရ၊ ရှောင်ကြရသည့်အတွက် အထူးတာဝန်မတက်သည့်အပြင် ပို၍ပင် လေးနက်တည်ကြည်လျက် လောကကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးများကို မလွဲမသွေရရှိကြ၏။

မကောင်းမှုဒုစရိုက်များ အားကြီးပြီး လူတို့ကိုယ်ကျင့်သီလများကို ဖောက်ပြားလာကြသောအခါတွင်ဖြစ်စေ၊ ကမ္မနိယာမအရ၊ လောကကြီး၏ သင်္ခါရသဘောတရားအရ ကပ်ကြီးသုံးပါးဖြစ်စေ၊ တစ်ပါး၊ နှစ်ပါးဖြစ်စေ ကြုံတွေ့နိုင်ကြ၏။ ဆုတ်ကပ်သဘောအရလည်း ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ ဆုတ်ကပ်သဘောသည် ကုသိုလ်ကံတရားပါးလျားလာပြီး အကုသိုလ်ကံတရား ကြီးထွားလာခြင်းဖြစ်သည်။ ပျက်စီးခြင်းဟူသော ကပ်သုံးပါး ဆိုက်ရောက်ရသည်မှာ သတ္တဝါတို့ လောဘတရားကြီးမားလွှမ်းမိုးလာသောအခါ ငတ်မွတ်ဘေးကပ် ဆိုက်ရောက်တတ်သည်။

သတ္တဝါတို့ ဒေါသတရား ကြီးမားလွှမ်းမိုးလာသောအခါ လက်နက်ဘေးကပ်ဆိုက်ရောက်လာတတ်သည်။ သတ္တဝါတို့မောဟတရားကြီးမားလွှမ်းမိုးလာသောအခါ ရောဂါဘေးကပ် ဆိုက်ရောက်လာတတ်သည်။ ထို့ကြောင့် လောကလူသားသတ္တဝါတို့အနေဖြင့် အကုသိုလ်တရားများ ပါးလျားအောင် ကိုယ်ကျင့်သီလတို့ကို စောင့်ထိန်းအပ်ပေသည်။ ကုသိုလ်တရားများ တိုးပွားအောင် ကုသိုလ်ကောင်းမှု၊ သီလအစုစုတို့ကို ပြုလုပ်ကျင့်ကြံအားထုတ်အပ်ပေသည်။ တစ်ဦးချင်းကိုယ်စီကိုယ်စီ ကိုယ်ကျင့်သီလတို့ကို စောင့်ထိန်းပြီး လောကလူသားအားလုံးတို့သည် လောဘ၊ ဒေါသ၊ မောဟတရားများ ပါးလျားလာအောင် အားထုတ်ခြင်းဖြင့် ကပ်သုံးပါးမှ ကင်းလွတ်ငြိမ်းပြီး ငြိမ်းချမ်းသာယာဝပြောသော လောကကြီးဖြစ်အောင် ဆောင်ကြဉ်းကြရမည်ဖြစ်သည်။

သို့သော် လောကလူသားတို့သည် များသောအားဖြင့် မောဟအမှောင်ဖုံးလွှမ်းကြသဖြင့် လောဘ၊ ဒေါသ၊ မောဟတရားများ ပါးလျားအောင် မဆောင်ကြဉ်းနိုင်ကြဘဲ အကုသိုလ်တရားများ၊ ဒုစရိုက်တရားများကို နေ့စဉ်နှင့်အမျှ သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ ပြုလုပ်မိကြလေသည်။ အကုသိုလ်အမှု၊ ဒုစရိုက်အမှုများသည် လူတစ်ဦးချင်းအကျိုးကို ဆုတ်ယုတ်ပျက်ပြားစေသည့်အပြင် နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုများကို ပျက်ပြားစေပြီး ပြည်သူတို့၏အကျိုး၊ နိုင်ငံတော်၏အကျိုးတို့ကို ဆုတ်ယုတ်ပျက်ပြားစေသည်။

ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေး၊ ပြည်သူတစ်ဦးချင်းအလိုက် စိတ်အေးချမ်းသာစေရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစေရေး၊ ပြည်ထောင်စုကြီး၊ လောကကြီး တည်တံ့ခိုင်မြဲစေရေး၊ တိုးတက်သာယာဝပြောစေရေးတို့ကို အလိုရှိကြသော ပြည်သူပြည်သားအပေါင်းတို့သည် ကိုယ်ကျင့်သီလ၊ မေတ္တာတရားများ တိုးပွားလာအောင် ရွက်ဆောင်ကြပြီး လောကအကျိုးပျက်ပြားစေသည့် မင်းမဲ့စရိုက်များ၊ အကုသိုလ်အမှုများကို ရှောင်ရှားကြရမည်ဖြစ်ပါကြောင်း။ ။

# နာဂဒေသ လေရှီးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ် ထိုးနှံ



**လေရှီး ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ယနေ့နံနက် ၁၀ နာရီတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ် ထိုးနှံခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာ(၂)ခန်းမ၌ ထိုးနှံလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင်နှင့် မြို့နယ်ထွေအုပ်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ကာ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအသုတ် ထိုးနှံသူ ၁၃၀၉ ဦး၊ ဒုတိယအသုတ် ထိုးနှံသူ ၁၁၀၁ ဦးနှင့် တတိယအသုတ် ပြန်လည်ထိုးနှံလျက်ရှိရာ ပထမနေ့တွင် ထိုးနှံသူ ၁၂၀ ရှိပြီဖြစ်ကြောင်း ယင်းကာကွယ်ဆေးကို ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းသား

(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ဇွန်လနောက်ဆုံးပတ်က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ တားဆီးရေးညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၆- ၇ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၃၃၀ | ၂,၉၃၇,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၁၄ | ၄၉,၇၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၇၃ | ၁၉၃,၄၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၃၆ | ၁၁၁,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၆

ရန်ကုန်(ရွှေဈေး) ၁၅၇၆၀၀၀

မန္တလေး(ရွှေဈေး) ၁၅၇၅၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၃၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၂၉.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၂.၁၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၆၆၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၂.၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၅၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၃၄.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၁၂.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၇၁.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၈၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ-ရုရှား နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်


နေပြည်တော် ဇူလိုင် ၆

အာဆီယံ-ရုရှားနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်သည်။

ယင်းအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retno Marsudi နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov တို့က ပူးတွဲဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေး၊ ကူးစက်ရောဂါကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် အာရှပစိဖိတ်ဒေသတွင်း ဗိသုကာကိစ္စနှင့် ရုရှားနိုင်ငံက အာဆီယံ-ရုရှား အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေး အဆိုပြုထားသည့် ကိစ္စတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။





**ရှင်းလင်းပြောကြား**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေနှင့် ကူးစက်ရောဂါ တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်အညီ Green Recovery ရရှိရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးမှုမှတစ်ဆင့် စီးပွားရေးပြန်လည်ထူထောင်နိုင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများကို အသုံးချပြီး ဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအပေါ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းရန်ကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။ ပြောင်းလဲလာသော ဒေသတွင်းဗိသုကာတွင် အာဆီယံ၏ အချက်အချာကျမှုကို အလေးထား၍ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် အိန္ဒိယသမုဒ္ဒရာနိုင်ငံများသည် ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်လိုအပ်ကြောင်းကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။

**ရှေ့လုပ်ငန်းစဉ်တစ်ခု**

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်သော ဒီမိုကရေစီ ပြန်လည်တည်ထောင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်



## အင်းတကော်မြို့ရှိ ရွှေပြည်(၁) ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

ပဲခူး ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် ငါးသယံဇာတ မပြုန်းတီးရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးစားသုံးမှု မြင့်မားလာစေရေးအတွက် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ပဲခူးမြို့နယ် အင်းတကော်မြို့ရှိ ရွှေပြည်(၁) ရေလှောင်တမံအတွင်း၌ ယမန်နေ့ နံနက် ၉ နာရီတွင် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကိုဗစ်-၁၉ရောဂါ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ခရိုင် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်၊ ပဲခူး ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ အင်းတကော်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ပဲခူးငါးလုပ်ငန်းစခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ သနပ်ပင်ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ ရွှေပြည်(၁) ရေလှောင်တမံအတွင်းသို့ ပဲခူးငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးငါးသား ပေါက်ကောင်ရေ ၁၀၀၀၀၀ ၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၊ သနပ်ပင် ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေကျင်မြို့နယ် စစ်တောင်းမြစ်အတွင်း ငါးရစ်ငါးသန်ကာလအတွင်း ကွင်းဆင်းစစ်ဆေး

ရွှေကျင် ဇူလိုင် ၆

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင် ငါးဖမ်းဆီးမှုများ မရှိစေရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းများကို အင်းလုပ်ငန်း ဆောင်ရွက်နေသည့် အင်းသားကြီးများ၊ ရေလုပ်သားကြီးများနှင့် ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်စန်းစန်းလှိုင်နှင့် လက်ထောက်ဦးစီးမှူး ဦးဝင်းမင်းထွဋ်တို့သည် ပကွီးအင်းသားကြီး၊ ဒလဆိပ်ချောင်းကျိုးတင်ဒါချက် အင်းသားကြီးတို့နှင့်အတူ ဇူလိုင် ၂ ရက်နှင့် ဇူလိုင် ၅ ရက်များက ငါးရစ်ငါးသန် ကာလအတွင်း တရားမဝင် ငါးဖမ်းမှုများ မရှိစေရေးနှင့် ကာကွယ်တားဆီးရေး အနေဖြင့် စစ်တောင်းမြစ်၊ ကျောက်ကြီး ချောင်းအတွင်းနှင့် ဒလဆိပ်ချောင်းကျိုး တင်ဒါချက်များအတွင်းသို့ ကွင်းဆင်းခဲ့ပြီး တရားမဝင် ငါးဖမ်းပိုက်များဖြစ်သော သုံးထပ်ပိုက် လေးလက်၊ တားပိုက် ၂၅လက်တို့အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၏လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ရောက်ရှိပြီး တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသော အကျိုးပြုသုတေသနလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်နိုင်မှုများနှင့် နည်းပညာဆိုင်ရာ ဆင့်ပွားသင်တန်းပေးနိုင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လိုအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခေတ်မီဓာတ်ခွဲစမ်းသပ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံခြားသွင်းကုန်ပို့ကုန်နှင့် စက်မှုလုပ်ငန်းသုံး ဓာတုဗေဒကုန်ကြမ်းပစ္စည်းများကို ရည်ညွှန်းဓာတ်ခွဲခန်းတစ်ခုအနေဖြင့် ခေတ်မီဓာတ်ခွဲ စမ်းသပ်ပေးခြင်းများကို စစ်ဆေးဆောင်ရွက်ပြီး စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သုတေသနဌာနများနှင့် စံသတ်မှတ်ရေးဌာနများအား ကြည့်ရှုစစ်ဆေးစဉ်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် နိုင်ငံတော်အတွက်အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ၎င်းနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ နည်းပညာလွှဲပြောင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အစဉ်တစိုက် တိုးတက်ဖွံ့ဖြိုးဖော်ဆောင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဓာတုနည်းပညာသုတေသနဗဟိုဌာနသို့ ရောက်ရှိပြီး ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးရေးဆိုင်ရာ လက်တွေ့ဓာတုဗေဒနည်းပညာ၊ နာနိုနည်းပညာ၊ အစားအစာနည်းပညာ၊ ဆေးဝါးအထောက်အကူပြုနည်းပညာနှင့် သဘာဝစွန့်ပစ်အမျှင် ကွန်ပို့စ်နည်းပညာစသည့် သုတေသနလုပ်ငန်းများအား ဆောင်ရွက်နေမှု၊ သုတေသနရလဒ်များကို လက်တွေ့အသုံးချစေရန်၊ နည်းပညာတောင်းဆိုထားသော စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်အရည်အသွေး တိုးမြင့်လာစေရန်နှင့် ထုတ်ကုန်အမည်သစ် ထွက်ရှိလာစေရန်၊ ပြည်တွင်း ပြည်ပဈေးကွက် တိုးချဲ့နိုင်စေရန်တို့အတွက် နည်းပညာများ လွှဲပြောင်းပေးခြင်း၊ ဖြန့်ဝေပေးခြင်း၊ နည်းပညာအကြံပေးခြင်း၊ နည်းပညာပြန့်ပွားရန် ဆောင်ရွက်ခြင်းများနှင့် လက်တွေ့အသုံးချနည်းပညာရပ်ဆိုင်ရာ သင်တန်းများ၊ အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ သင်တန်းများနှင့် ဓာတုပစ္စည်းလုံခြုံစိတ်ချမှုဆိုင်ရာ သင်တန်းများ ဆင့်ပွားသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ပူးပေါင်းဆောင်ရွက်သွားရန်မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့လာခြင်းနှင့် ဘွဲ့ကြိုစာတမ်း၊ မဟာဘွဲ့၊ ပါရဂူဘွဲ့လွန်ကျောင်းသားကျောင်းသူများအတွက် ကျမ်းပြုသုတေသနလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်ပေးခြင်းများကို နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေအောက်ရေ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် GP Survey တိုင်းတာနည်းသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၆**

မွန်ပြည်နယ်အတွင်း နွေရာသီရေလုံလောက်မှု ရှိစေရန်နှင့် မြေအောက်ရေကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် GP Survey တိုင်းတာနည်း သင်တန်းကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင် ယမန်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



သင်တန်းကို ဇူလိုင် ၅ ရက်မှ ၁၆ ရက်ထိ သင်တန်းသား ၁၅ ဦးဖြင့် ၁၀ ရက်ကြာ ဖွင့်လှစ်ပြီး စာတွေ့များအပြင် မြေပြင်ကွင်းဆင်း လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြေအောက်ရေများ တူးဖော်ရာတွင် GP Survey တိုင်းတာနည်းကို အသုံးပြုခြင်းဖြင့် ထိရောက်အကျိုးရှိသော စက်ရေတွင်းများ တူးဖော်နိုင်ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

"GP Survey သင်တန်းဖွင့်လှစ်ရတာက ဌာနကဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြင့်မားလာစေဖို့နဲ့ မိမိကိုယ်ကို ယုံကြည်မှုမြင့်မားလာဖို့ ဖြစ်ပါတယ်။ သင်တန်းကြောင့် စက်ရေတွင်းတွေ တူးဖော်ရာမှာ ပိုမိုလွယ်ကူလာပြီး မြေအောက်ရေကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်ဖို့ နည်းလမ်းတွေကို သိရှိလာမှာပါ။ ဒ့ါပြင် ကျေးလက်ဒေသတွေရဲ့ နွေရာသီရေမလုံလောက်မှုပြဿနာတွေကို ကူညီဖြေရှင်းပေးလာနိုင်မှာပါ"ဟု မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမောင်က ပြောသည်။

**သတင်းစဉ်**

# လှိုင်းဘွဲ့မြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ဘားအံ ဇူလိုင် ၆**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ(ငွေလုံးငွေရင်း) နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လှိုင်းဘွဲ့မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများမှ အင်းနှီသိပ္ပံ-နောကောကျေးရွာချင်းဆက်လမ်း (၂/၄)မိုင်အနက် (၁/၀)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ ဒသမ ၃၇၉ သန်းဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

အဆိုပါလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ဒေသရှိ ကျေးရွာအုပ်စုရှစ်အုပ်စု၊ အိမ်ခြေ ၁၇၂၄ အိမ်၊ လူဦးရေ ၉၆၉၄ ဦးတို့ကို တိုက်ရိုက်အကျိုးပြုနိုင်ခဲ့ပြီး ဒေသခံကျေးရွာပြည်သူများ ရာသီ မရွေးသွားလာနိုင်၍ ဒေသအတွင်းရှိ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်သည့်အပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ လူနေမှုအဆင့်အတန်းလည်း ယခင်ကထက် ပိုမိုမြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုး**



# ဟသ်ၤာတမြို့ အမှတ် (၁၅) စက်မှုလယ်ယာစခန်းတွင် ကောက်စိုက်စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း ဖွင့်လှစ်

**ဟသ်ၤာတ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ၤာတမြို့ အမှတ်(၁၅) စက်မှုလယ်ယာစခန်းတွင် ကောက်စိုက်စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းကို ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် အမှတ်(၁၅) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးမှူး ဦးစောအေးရွှန်အယ်သောသွီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ဒုဦးစီးမှူး ဦးဇာနည်အောင်က ကိုဗစ်-၁၉ ရောဂါကာလ သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြပြီး သင်တန်းနည်းပြ ဆရာများနှင့် မိတ်ဆက်ပေးသည်။

အဆိုပါသင်တန်းသို့ ဟသ်ၤာတမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား ၃၀ တက်ရောက်ကာ ကူဘိုတာ ခြောက်တန်းသွားစက်များဖြင့် နည်းပြဆရာ ငါးဦးတို့က နှစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ၤာတ)**

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## တရားဥပဒေစိုးမိုးရေး

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလိုကြောင်း၊ သူ့နေရာနှင့်သူသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကို နားလည်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဥပဒေပညာရပ်များ သင်ကြားရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေအား လေးစားလိုက်နာခြင်းမရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီး တရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ်မဖြစ်နိုင်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကျင်းပ

နေပြည်တော် ဇူလိုင် ၆

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လူမှုရေးပင်စင်ထောက်ပံ့မှုအစီအစဉ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ အခန်း(၈)၊ ဥပဒေပုဒ်မ (၂၅)တွင် ဖော်ပြထားချက်အရ သက်ကြီးရွယ်အိုများ ဝင်ငွေပုံမှန်ရရှိရေးအတွက် ရည်ရွယ်၍ လူမှုရေးပင်စင်ထောက်ပံ့မှုအစီအစဉ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး တစ်လတွင် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့လျက်ရှိပါကြောင်း၊ လက်ရှိလူမှုရေးပင်စင်အကျိုးခံစားခွင့်ရရှိသည့် သက်ကြီးရွယ်အို ၂၄၈၉၁၁ ဦး ရှိပါကြောင်း၊ လက်ရှိအခြေအနေများကြောင့် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ အဘိုး၊ အဘွားများ လက်ဝယ်ထောက်ပံ့ကြေးရောက်ရှိရေး ဆောင်ရွက်ရာတွင် အခက်အခဲအချို့ရှိသော်လည်း အဘိုး၊





အဘွားများ၏ အကျိုးစီးပွားအတွက် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး၍ ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ လူမှုရေးပင်စင်ထောက်ပံ့မှုအပြင် ကိုဗစ်-၁၉ ဒုတိယလှိုင်းကာလတွင် ထပ်ဆောင်းထောက်ပံ့ခြင်းအနေဖြင့် သက်ကြီးရွယ်အို ၂၀၀၃၀၁ ဦးကိုလည်းကောင်း၊ CERP အစီအစဉ်ဖြင့် အသက် (၈၀-၈၄)နှစ်နှင့်အထက် ဘိုးဘွား ၂၉၃၄၅၇ ဦးကိုလည်းကောင်း၊ လူမှုရေးပင်စင်အကျိုးခံစားခွင့်ရရှိသည့် အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၅၀၄၈ ဦးကိုလည်းကောင်း၊ ဘိုးဘွားရိပ်သာများရှိ ဘိုးဘွား ၁၃၀၈ ဦးကို တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ထောက်ပံ့ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုလက်ရှိတွင်လည်း ကိုဗစ်-၁၉ တတိယလှိုင်းစတင်ဝင်ရောက်လာပြီဖြစ်သည့်အတွက် သက်ကြီးရွယ်အိုများအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နည်းဥပဒေထုတ်ပြန်ပြီးပါက သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ အရေးပေါ်ကာလအခြေအနေတွင် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုများ လူမှုပတ်ဝန်းကျင်အတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီဝင်ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Online မှ တက်ရောက်ကြသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သဘာပတိ၊ မြန်မာနိုင်ငံယုဝတီခရစ်ယာန်အသင်းတို့ အပါအဝင် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒေသန္တရစီမံကိန်းရည်မှန်းရန် အဆိုပြုချက်ဆိုင်ရာ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၆

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် ဒေသန္တရစီမံကိန်းရည်မှန်းရန် အဆိုပြုချက်ဆိုင်ရာ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည် ဖော်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၄)၊ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဌေး၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီးနောက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူးက ခြောက်လအတွက် ဒေသန္တရစီမံကိန်းရည်မှန်းရန် အဆိုပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ကော်မတီဝင်များက မိမိတို့ဌာနအလိုက် ခြောက်လအတွက် ဒေသန္တရစီမံကိန်းရည်မှန်းချက် အဆိုပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် အဆိုပြုတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၉ ရပ်နှင့် ကိုက်ညီမှုရှိ/မရှိ၊ တိုင်းဒေသကြီးနှင့် ပြည်သူလူထုအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းစီမံကိန်းများဖြစ်/မဖြစ်တို့ကို စိစစ်ခြင်း၊ ခွင့်ပြုနိုင်သည့် ဘတ်ဂျက်ဘောင်အတွင်း ရေးဆွဲနိုင်ရန်နှင့် ရေးဆွဲပြီးသည့် ဦးစားပေးအလိုက် လုပ်ငန်းစီမံကိန်းများကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့ရန် ပြုစုဆောင်ရွက်ခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောင်းကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသ

ကျောင်းကုန်း ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မင်းမနိုင်ကျေးရွာ အဆင့်မြင့်လယ်ယာမြေဧက ၂၇၀ အနက် တောင်သူဦးထွန်းလင်းအောင်၏ လယ်မြေငါးဧက၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ဆင်းသုခစပါးအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အဆင့်မြင့်လယ်ယာမြေတွင် ကောက်စိုက်စက်ဖြင့် ဧက ၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်

(ပြန်/ဆက်)

# ရည်မှန်းချက်တာဝန်

## ကိုရေချမ်း

ကျွန်တော်တို့လူသားတွေဟာ လောကကြီးထဲမှာ အကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အဖုံဖုံ၊ အခြေအနေအမျိုးမျိုးနဲ့ ဖြတ်သန်းနေကြပါတယ်။ ဒီလိုဖြတ်သန်းနေကြတာဟာ အဓိပ္ပာယ်ရှိသလား၊ မရှိဘူးလားဆိုတာကို ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က တေးရေး မောင်သစ်မင်း ရေးစပ်ပြီး ကွယ်လွန်သူ မင်းသားကြီးကျော်ဟိန်းအပါအဝင် တေးသံရှင်အများအပြား သီဆိုခဲ့တဲ့ "အဓိပ္ပာယ်ရှိသောလူသား" တေးသီချင်းလေးကို သတိရမိပါတယ်။

"အချိန်ရေစီးကြောင်းတသွင်သွင်စီးနေ
ငါတို့အားလုံး အမှတ်တမဲ့ လွန်မြောက်ခဲ့
အိပ်မက်နိုးထ တို့ဘဝ အရွယ်ရောက်ခဲ့
ဆင်ခြင်စဉ်းစား သတိရလာခဲ့ပြီ
ဒီကမ္ဘာလောကတို့အတွက်
မိတ်ဆွေဘဝအဓိပ္ပာယ် ရှိရမယ်လေ
မိတ်ဆွေ လူ့ဘဝကိုအကျိုးရှိဖို့
မိတ်ဆွေ တစ်ခုခုကို ဆုံးဖြတ်ပါလေ .....
"တာဝန်တစ်ခုခုယူရန် ဆုံးဖြတ်ကြ
ကိုယ်လွတ်ရုန်းတဲ့စိတ်ဓာတ်ဖယ်ရှားပစ်
လူတွေကြားက လောကလိုအပ်ချက်
ရှာဖွေဖြည့်စွက် လောကလူသားအတွက်
ဒီကမ္ဘာလောကတို့အတွက် မိတ်ဆွေဘဝ
အဓိပ္ပာယ်ရှိရမယ်လေ ..... ...............
"မိတ်ဆွေ တစ်ခုခုကိုဆုံးဖြတ်လိုက်
မိတ်ဆွေ တစ်ခုခုကိုဆုံးဖြတ်လိုက် ......."

ဒီသီချင်းလေးကို သေသေချာချာနားထောင်ကြည့်ရင် ကျွန်တော်တို့အားလုံးအတွက်၊ ကျွန်တော်တို့ လူသားအားလုံးအတွက် အလွန်ပဲ အဓိပ္ပာယ်ရှိလှပါတယ်။ စေ့စေ့တွေးကြည့်ရင် လက်ရှိဘဝအတွက် တရေးရေး သဘောပေါက်လာနိုင်ပါတယ်။ သီချင်းရဲ့စေတနာက လူ့ဘဝကို အချည်းနှီးအဓိပ္ပာယ်မရှိ မကုန်ဆုံးစေချင်ဘဲ လူ့ဘဝကို အကျိုးရှိအောင် အသုံးချနိုင်မယ့် အဓိပ္ပာယ်ရှိတဲ့ လူသားတွေ ဖြစ်စေချင်တာပါပဲ။ ရည်ရွယ်ချက် ကောင်းမွန်လှတဲ့ သီချင်းလေးတစ်ပုဒ်ပါပဲ။ တိရစ္ဆာန်ထက် အဆင့်အတန်းမြင့်မား၊ အတွေးအခေါ်မြင့်မားတဲ့ လူသားတွေဟာ လက်ရှိဘဝမှာ မိမိတို့ကိုယ်ကို မိမိတို့ ပြန်လည်ဆင်ခြင်သုံးသပ်ပြီး အဓိပ္ပာယ်ရှိတဲ့ အလုပ်တွေကို အချိန်မီလုပ်ကြဖို့ ဖြစ်ပါတယ်။

### ဘဝတွေဖြတ်သန်း

ကျွန်တော်တို့တစ်တွေဟာ နေ့စဉ်နဲ့အမျှ စားနေ၊ အိပ်နေ၊ နားနေ၊ အလုပ်လုပ်နေကြတာတွေဟာ ဘဝရှင်သန်ရေးနဲ့ တဒင်္ဂဘဝတစ်ခု ဖြစ်တည်ရေးအတွက် သတိနဲ့ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ ဖြတ်သန်းနေကြတာဖြစ်ပါတယ်။ ဒီလို ဖြတ်သန်းနေကြရာမှာ ရည်ရွယ်ချက်မဲ့၊ အဓိပ္ပာယ်မဲ့ ပေါ့ပေါ့ဆဆဖြတ်သန်းနေကြတဲ့သူတွေရှိသလို၊ ရည်ရွယ်ချက်တစ်ခုခုနဲ့ ဖြတ်သန်းနေကြသူတွေလည်း ရှိကြပါတယ်။

များသောအားဖြင့် စားဝတ်နေရေးပြေလည်ဖို့ ရည်ရွယ်ချက်နဲ့ ရပ်တည်နေကြသူတွေ များပါတယ်။ တချို့က ကိုယ်လုပ်နေတဲ့ အလုပ်မှာ အောင်မြင်ချင်လို့၊ တချို့က လူအများနဲ့သက်ဆိုင်တဲ့ နယ်ပယ်တစ်ခုခုမှာ ထင်ရှားချင်လို့၊ ကျော်ကြားချင်လို့၊ တချို့ကျတော့လည်း သူများလုပ်လို့ လိုက်လုပ်ကြတာ၊ တချို့ကျတော့ ပေါ်ပြူလာဖြစ်ချင်လို့၊ လူသိများစေချင်လို့၊ တချို့ကျတော့လည်း စိတ်ကြည်နူးချင်လို့၊ ပျော်ပါးချင်လို့၊ သာယာချင်လို့လုပ်ကြတာ စတဲ့ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ဘဝတွေကို ဖြတ်သန်းနေကြတာတွေ့ရမှာဖြစ်ပါတယ်။

### မှားယွင်းနေတဲ့သူ

ဒီတော့ ကျွန်တော်တို့တစ်တွေ ဘဝကို ဒီလိုဖြတ်သန်းနေကြတာတွေဟာ ရည်ရွယ်ချက်မှန်ကန်ရဲ့လား၊ ကျွန်တော်တို့ဘဝတွေမှာ နေ့စဉ်နဲ့အမျှ လုပ်နေကြတဲ့ အလုပ်တွေအတွက် အဓိပ္ပာယ်ရှိရဲ့လားဆိုတာကို မိမိကိုယ်မိမိ မေးခွန်းထုတ်ကြည့်ရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ရှိတဲ့အလုပ်၊ အဓိပ္ပာယ်ရှိတဲ့ဘဝဆိုတာဟာ မိမိဘဝအတွက်သာမက နောင်လာနောက်သားတွေအတွက် ကောင်းမွန်တဲ့ အမွေအနှစ်တွေ ချန်ထားရစ်နိုင်အောင် လုပ်ဆောင်တာမျိုး၊ ကောင်းကျိုးတွေ ဖြစ်ထွန်းအောင် လုပ်ဆောင်တာမျိုးဖြစ်ပါတယ်၊ ဒီလိုလုပ်ဆောင်မှ တန်ဖိုးရှိတဲ့အလုပ်၊ တာဝန်ကျေတဲ့အလုပ်၊ အဓိပ္ပာယ်ရှိတဲ့အလုပ်ဖြစ်ပါတယ်။

**လူ့ဘောင်လောက၊ လူသားလောကဟာ အချိန်တိုတောင်းလွန်းလှပါတယ်။ ရရှိထားတဲ့ အချိန်လေးအတွင်းမှာပဲ အဓိပ္ပာယ်ရှိတဲ့အလုပ်တွေကို လုပ်နိုင်မှသာ မိမိတို့ဘဝလည်း တန်ဖိုးရှိ၊ လောကအတွက်လည်း ကောင်းကျိုးဖြစ်စေမှာ အမှန်ဖြစ်ပါတယ်။ ဘဝကို ကောင်းကျိုးဖြစ်အောင်၊ တန်ဖိုးရှိအောင် ဘဝအတွက် မှန်ကန်တဲ့ရည်ရွယ်ချက်တွေရှိမှ အဓိပ္ပာယ်ရှိမှာဖြစ်ပါတယ်။ လူဟာ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် လုပ်နေကြတာမှန်ပေမယ့် ကိုယ်လုပ်နေတဲ့အလုပ်ရဲ့ ရည်ရွယ်ချက်ဟာ မှန်လား၊ မှားလားဆိုတာကို ဆင်ခြင်တတ်ဖို့လိုပါတယ်။ ကိုယ်လုပ်နေတဲ့ အလုပ်အပေါ်မှာ တွေဝေနေတဲ့သူတွေ၊ လက်တွေ့မဆန်တဲ့သူတွေ၊ စိတ်ကူးယဉ်တဲ့သူတွေ၊ မှားယွင်းနေတဲ့သူတွေရှိကြ။**

လူ့ဘောင်လောက၊ လူသားလောကဟာ အချိန်တိုတောင်းလွန်းလှပါတယ်။ ရရှိထားတဲ့ အချိန်လေးအတွင်းမှာပဲ အဓိပ္ပာယ်ရှိတဲ့အလုပ်တွေကိုလုပ်နိုင်မှသာ မိမိတို့ဘဝလည်း တန်ဖိုးရှိ၊ လောကအတွက်လည်း ကောင်းကျိုးဖြစ်စေမှာ အမှန်ဖြစ်ပါတယ်။ ဘဝကို ကောင်းကျိုးဖြစ်အောင်၊ တန်ဖိုးရှိအောင် ဘဝအတွက် မှန်ကန်တဲ့ရည်ရွယ်ချက်တွေရှိမှ အဓိပ္ပာယ်ရှိမှာဖြစ်ပါတယ်။ လူဟာ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် လုပ်နေကြတာ မှန်ပေမယ့် ကိုယ်လုပ်နေတဲ့ အလုပ်ရဲ့ရည်ရွယ်ချက်ဟာ မှန်လား၊ မှားလားဆိုတာကို ဆင်ခြင်တတ်ဖို့ လိုပါတယ်။ ကိုယ်လုပ်နေတဲ့ အလုပ်အပေါ်မှာ တွေဝေနေတဲ့သူတွေ၊ လက်တွေ့မဆန်တဲ့သူတွေ၊ စိတ်ကူးယဉ်တဲ့သူတွေ၊ မှားယွင်းနေတဲ့သူတွေ ရှိကြပါတယ်။

### အမြန်ဆုံးရုန်းထ

ကိုယ့်ကိုယ်ကိုယ် မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်နိုင်မှ၊ ပြတ်ပြတ်သားသား ဝေဖန်ပိုင်းခြားနိုင်မှ အမှန်အမှားကို ကွဲကွဲပြားပြားသိနိုင်မှာဖြစ်ပါတယ်။ ကိုယ်လုပ်တဲ့အလုပ်ဟာ မှားနေတယ်ဆိုရင် အချိန်မီပြင်ဖို့ လိုအပ်ပါတယ်။ အဲဒီသီချင်းထဲကလိုပဲ ကျွန်တော်တို့ ဘာတွေဆက်လုပ်ကြမှာလဲ။ ကျွန်တော်တို့လုပ်နေတဲ့ ရည်မှန်းချက်တွေ၊ အလုပ်တွေဟာ စိတ်ကူးယဉ်သလိုဖြစ်နေရင် စိတ်ကူးယဉ်အိပ်မက်ထဲက မြန်မြန်နိုးထကြဖို့ လိုပါတယ်။ ကျွန်တော်တို့ ရည်မှန်းချက်တွေ၊ အလုပ်တွေဟာ အမှောင်ဝိုးတဝါးထဲရောက်နေရင်လည်း မှန်ကန်တဲ့ အလင်းရောင်အောက်ကိုရောက်ဖို့ အမြန်ဆုံးရုန်းထကြဖို့ လိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဘဝတွေကို မှန်ကန်တဲ့ဖြတ်သန်းမှု၊ မှန်ကန်တဲ့ ဖြစ်တည်မှုတွေရဖို့အတွက် ကျွန်တော်တို့တစ်တွေ ထားရှိရမယ့် ရည်မှန်းချက်တာဝန်တွေက –

(၁) လောကကောင်းကျိုးကို ဆောင်ကြဉ်းနိုင်မယ့် ရည်မှန်းချက်တွေ ထားရမယ်။

(၂) မိဘဆွေမျိုး၊ အသိုင်းအဝိုင်းတွေ ကောင်းကျိုး၊ နိုင်ငံကောင်းကျိုးကို ရည်ရွယ်ပြီး မိမိပတ်ဝန်းကျင်နဲ့ နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်ကြကာ ကျေးဇူးသိတတ်တဲ့သူတွေ၊ ကျေးဇူးဆပ်တဲ့သူတွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုပါတယ်။

(၃) အဲဒီတာဝန်နှစ်ရပ်ကို ကောင်းမွန်စွာ ထမ်းဆောင်ဖို့အတွက် မိမိကိုယ်မိမိ ပျိုးထောင်မြှင့်တင်ပေးမယ့် ရည်မှန်းချက်တာဝန်ကို သိမြင်ခံယူကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက အခြေခံပညာကျောင်းမှာ ဆိုခဲ့ကြသလိုပါပဲ၊ မိမိကိုယ်ကိုကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်ကို ကောင်းအောင် ကြိုးစားမည်ဆိုတဲ့ သန္နိဋ္ဌာန်မျိုးနဲ့ အားထုတ်ကြပါမှ အဓိပ္ပာယ်ရှိတဲ့လူသားတွေဖြစ်ကြမှာ အမှန်ပါပဲ။ ။

**ကျွန်တော်တို့တစ်တွေဟာ နေ့စဉ်နဲ့အမျှ စားနေ၊ အိပ်နေ၊ နားနေ၊ အလုပ်လုပ်နေကြတာတွေဟာ ဘဝရှင်သန်ရေးနဲ့ တဒင်္ဂဘဝတစ်ခု ဖြစ်တည်ရေးအတွက် သတိနဲ့ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ ဖြတ်သန်းနေကြတာဖြစ်ပါတယ်။ ဒီလိုဖြတ်သန်းနေကြရာမှာ ရည်ရွယ်ချက်မဲ့၊ အဓိပ္ပာယ်မဲ့ ပေါ့ပေါ့ဆဆ ဖြတ်သန်းနေကြတဲ့သူတွေရှိသလို၊ ရည်ရွယ်ချက်တစ်ခုခုနဲ့ ဖြတ်သန်းနေကြသူတွေလည်းရှိကြ။**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝန်ထမ်းများတွေ့ဆုံ

**ဘားအံ ဇူလိုင် ၆**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကအစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း၊ ဦးစီးဌာနဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားသည့် နိုင်ငံ့ဝန်ထမ်းဥပဒေများကို တိတိကျကျလိုက်နာရန်လိုပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်၍ စေတနာရှေ့ထားပြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြစေလိုကြောင်း၊ အသေးအဖွဲဟူ၍မရှိဘဲ အရာရာတိုင်းကို အလေးအနက်ထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက တာဝန်ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့်အခြေအနေများ၊ လုပ်ငန်းများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် အကြံပြုတင်ပြချက်များနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**






# လှိုင်ကော်မြို့၌ စာအောင်ဆုနှင်းသဘင်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**လှိုင်ကော် ဇူလိုင် ၆**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် စာအောင်ဆုနှင်းသဘင်ပွဲ မင်္ဂလာအခမ်းအနားကို ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြည်ညိုကြပြီး ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်းသုံးကျမ်းကို ဖြေဆိုအောင်မြင်တော်မူခဲ့သည့် သံဃာတော် ၁၁ ပါး၊ သာသနဝ္ဂနွယ်ဝင် သီလရှင် တစ်ပါးတို့အား သာသနာဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်များ၊ စာအောင်ဆုများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ နှစ်ကျမ်းအောင် ခုနစ်ပါးနှင့် တစ်ကျမ်းအောင်ငါးပါးတို့အား စာအောင်ဆုအလှူတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေး မကွေးတိုင်းဒေသကြီးတွင်ကျင်းပ

**မကွေး ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကို ထိန်းချုပ်နိုင်ရန် အားလုံးပူးပေါင်း၍ အစီအစဉ်များ စနစ်တကျရေးဆွဲပြီး အလေးထားဆောင်ရွက်သွားရန်၊ ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် မြို့နယ်အလိုက် သတ်မှတ်ထားသည့် Standard Operating Procedure-SOP များ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် အဆိုပါ SOP များကို လိုက်နာမှု ရှိ-မရှိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများအနေဖြင့် ရပ်ကွက်လမ်းများအလိုက် အစုအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးကြပ်မတ်ရန်၊ ၎င်းအပြင် မိမိစီမံအုပ်ချုပ်ရာနယ်မြေအတွင်းရှိ လူစုလူဝေးထူထပ်ရာနေရာများဖြစ်သော ဈေးများ၊ ရုံးဌာနများ၊ စက်ရုံ အလုပ်ရုံများနှင့် စာသင်ကျောင်းများတွင် သတ်မှတ်ထားသည့် SOP များနှင့်အညီ ရောဂါကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်မှု ရှိ-မရှိ စစ်ဆေးကြပ်မတ်သွားရန်၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်ရန် အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအတွင်းရှိ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အင်အားကို ရယူသုံးစွဲနိုင်ရန် အထူးလိုအပ်ပြီး ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအနေဖြင့် မိမိတို့ နယ်မြေအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး စည်းရုံးဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းဦးက လုံခြုံရေး၊ တရားဥပဒေစိုးရေး၊ သွားလာမှု ကန့်သတ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး အစည်းအဝေးတက်ရောက်လာသည့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိဒေသအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကာ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လိုအပ်သည့်တင်ပြချက်များအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ (မကွေး)**

# ကျိုက်မရောမြို့ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ဧက ၃၀၀ စပါးစိုက်ခင်း ကြည့်ရှုစစ်ဆေး

**ကျိုက်မရော ဇူလိုင် ၆**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၅ ရက် ညနေ ၃ နာရီက ကျိုက်မရောမြို့နယ် လက်ပံကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌသည် တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးပြည့်မီပြီး မိသားစုဝင်ငွေပိုမိုရရှိရေးနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးတို့အတွက် အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါ ကျိုက်မရောမြို့နယ် လက်ပံကျေးရွာ ဘက်စုံအဆင့်မြင့်



နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စပါးစိုက်ခင်းတွင် တောင်သူ ၈၂ ဦးတို့က လျာထားစိုက်ဧက ၃၀၀မှ မိုးစပါးစိုက်ပျိုးဧက ၂၄၇ဧက၊ စိုက်ပျိုးရန် ကျန်ဧက ၅၃ ဧက ရှိပြီး မိုးစပါးအပြီးတွင် ပဲတီစိမ်း၊ ဆောင်းမြေပဲ၊ မတ်ပဲ၊ ဘိုကိတ်နှင့် ပဲလွန်းတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်၌ လူမှုရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဇူလိုင် ၆**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ လူမှုရေးအသင်းအဖွဲ့အသီးသီးနှင့်ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု အားကောင်းခိုင်မာလာစေရေးအတွက် ပြည်နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ လူမှုရေး အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအသီးသီးတို့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ချိတ်ဆက်၍ အတူတကွ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် မိမိတို့အနေဖြင့်လည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်က ပြည်နယ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ကော်မတီအဖွဲ့ဝင်၊ ပြည်နယ် ပြည်သူ့ကျန်းမာ/ ကုသရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြည်နယ်အတွင်း ကုသရေး၊ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါပိုးစစ်ဆေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့မှကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်း လိုအပ်ချက်များ၊ အောက်ဆီဂျင်ရရှိနိုင်မှုအခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များအတွက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၁) ဇမ္ဗူသီရိမြို့နယ်၊

(၂) ပျဉ်းမနားမြို့နယ်၊

(ခ) ပဲခူးတိုင်းဒေသကြီး

(၁) တောင်ငူမြို့နယ်၊

(၂) ပဲခူးမြို့နယ်၊

(၃) ပြည်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်းထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင်အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၇–၇–၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

## ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် တပ်မတော်က အောက်ဆီဂျင်အိုးများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၆**

ကိုဗစ်–၁၉ ရောဂါ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်အနေဖြင့် အောက်ဆီဂျင်အိုးများကို ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါကုသရေးဌာနများအရောက် သွားရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် နာရေးကူညီမှုအသင်း၊ လူမှုရေးရာကူညီမှုအဖွဲ့များထံသို့ အောက်ဆီဂျင်အိုး ၂၂ လုံးကို သန်လျင်တပ်နယ်မှ တပ်မတော်သားများက တပ်မတော် Oxygen Plan များမှ အောက်ဆီဂျင်များဖြည့်သွင်းပြီး သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်များအတွင်းရှိ မြို့များ၌ နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၆**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019(COVID–19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၊ ဟင်္သာတခရိုင် မြန်အောင်မြို့၊ မြောင်းမြခရိုင် မြောင်းမြမြို့၊ အိမ်မဲမြို့၊ ဖျာပုံခရိုင် ဖျာပုံမြို့၊ ကျိုက်လတ်မြို့နှင့် ဒေးဒရဲမြို့များရှိ လူစည်ကားရာ ဘုရားစေတီများ၊ ဈေးများ၊ လမ်းများ၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်း ၁၃၈၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့သွားရောက်ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့နယ်၌ ကန့်သတ်စောင့်ကြည့်စခန်းမှ သီးသန့်စောင့်ကြည့်ရမည့်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်၊ ကန့်သတ်စောင့်ကြည့်စခန်း ဖွင့်လှစ်ထားရှိရန် ကြိုတင်ပြင်ဆင်

**နေပြည်တော် ဇူလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ)ရပ်ကွက် မိုးကုတ်ဝိပဿနာတရားရိပ်သာ၌ ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းသို့ ယနေ့ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်၍ အဆိုပါစခန်းရှိ သီးသန့်စောင့်ကြည့်ရမည့်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် ဆန်ဆိုင်း (ခ)ရပ်ကွက်ရှိ အားကစားခန်းမဆောင်ကိုကန့်သတ်စောင့်ကြည့်စခန်း ဖွင့်လှစ်ထားရှိရန် အတွက် နယ်မြေခံတပ်မတော်သားများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုတင်ပြင်ဆင်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ ကန့်သတ်စောင့်ကြည့်စခန်း၌ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများနှင့် ရောဂါပိုးတွေ့ရှိလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးအဖွဲ့က မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**



## ဘိုကလေးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ဈေးနှုန်းမြင့်တက်ရောင်းချမှုမရှိစေရေး ကြပ်မတ်

**ဘိုကလေး ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဇူလိုင် ၅ ရက် ညနေပိုင်းက မြို့နယ်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ စတိုးဆိုင်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ဈေးနှုန်းမြင့်တက်ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အတွင်းရှိဆိုင်များအား နှာခေါင်းစည်၊ မျက်နှာအကာ၊ လက်အိတ်များအပါအဝင် အခြားကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာပစ္စည်းများ၊ ကြိုတင်ကာကွယ်သောက်သုံးသည့်ဆေးဝါးများအား အလွန်အမင်း ဈေးနှုန်းမြင့်တက်ရောင်းချမှုမရှိစေရေး မှာကြားခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ဟိုပုံးမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဟိုပုံး ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးနှံရသေးသည့် နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စတင်ထိုးနှံပေးလျက်ရှိသည်။

ယင်းသို့ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများကကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို စနစ်တကျ ထိုးနှံပေးခဲ့ကြသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဒုတိယအကြိမ်ထိုးနှံပေးခြင်းဖြစ်ပြီး ဆေးမထိုးနှံရသေးသည့် နိုင်ငံ့ဝန်ထမ်း ၂၂ ဦး လာရောက်ထိုးနှံခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ဟိုပုံးခရိုင်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး နှာခေါင်းစည်းနှင့် မျက်နှာအကာများ အခမဲ့ဖြန့်ဝေ

**ရန်ကုန်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားလာခြင်းကြောင့် ရန်ကုန်မြို့လမ်းမတော်မြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ အသိသတိနှင့်အတူ သွားလာနေထိုင်ကြရန်ရည်ရွယ်၍ ဇူလိုင် ၆ ရက် နံနက် ၉ နာရီက လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးအတွင်းရှိ လမ်းသွားလမ်းလာပြည်သူများ၊ ကုန်တင်ကုန်ချ အလုပ်သမားများ၊ လမ်းဘေးဈေးသည်များအား Mask Campaign နှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူ ဦးဆောင်သည့် မြို့နယ်ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ လမ်းမတော်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ ညောင်ပင်လေးဈေးဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်လင်း၊ ဈေးတာဝန်ခံ ဒေါ်ခင်စန်းလွင်တို့က နှာခေါင်းစည်းအခုရေ ၁၀၀၀ ကို လမ်းသွားလမ်းလာပြည်သူများ၊ ရပ်ကွက်နေပြည်သူများအား မျှဝေပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ကျော်ဆန်းမြင့်**



**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် ကိုဗစ်- ၁၉ ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းလာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းကာ ဇူလိုင် ၅ ရက် နံနက်ပိုင်းက အခြေခံပညာကျောင်းများ၊ မြို့မဈေးရှိ ဈေးရောင်းဈေးဝယ်သူများနှင့် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက အ.ထ.က(၁) အခြေခံပညာအထက်တန်းကျောင်း၊ အ.ထ.က(၂) အခြေခံပညာအထက်တန်းကျောင်း၊ မြို့မဈေးအတွင်းနှင့် လမ်းမပေါ်သွားလာနေသော ပြည်သူများ ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် နှာခေါင်းစည်းအခု ၁၀၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီမှစတင်၍ ဝက်လက်ရွာသာကြီးလမ်းအထွက်တွင် Mask Campaign ပြုလုပ်သည်။

Mask Campaign ပြုလုပ်ရာတွင် ဝက်လက်မြို့သို့ လာရောက်၍ ဈေးရောင်းသူများ၊ ဈေးဝယ်သူများ၊ ခရီးသွားလာပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း အခု ၂၀၀၀ ကို အခမဲ့ဝေငှခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုးစိုးလှိုင် (ဝက်လက်)**

**ဝေါ**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများသိရှိလိုက်နာရမည့် အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးနှိုးဆော်ခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့နယ်အတွင်း လိုက်လံ၍ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်သည့် ကိုဗစ်-၁၉ရောဂါ ခံစားနေရသူများနှင့် အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊ နှာချေချောင်းဆိုးသည့်အခါတိုင်း နှာခေါင်း၊ ပါးစပ်တို့ကို လုံခြုံအောင် ဖုံးအုပ်ခြင်း၊ လူထူထပ်သည့်နေရာများသို့ သွားလာခြင်းမှ တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့သွားလာရာတွင် ပါးစပ်နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျ တပ်ဆင်သွားလာကြရန်၊ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ရန်၊ တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်းများဖြင့် လိုက်နာဆောင်ရွက်ကြရန် လိုက်လံနှိုးဆော်ပြီး ဝေါမြို့မဈေးရှေ့တွင် သွားလာနေကြသည့် ပြည်သူများအား နှာခေါင်းစည်းတပ်ဆင်နိုင်ရေးအတွက် နှာခေါင်းစည်းများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

**ချီဖွေ**

ကချင်ပြည်နယ် ချီဖွေမြို့နယ်၌ မြို့နယ် ကြက်ခြေနီအသင်းခွဲက ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်နိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်ရှိ လူစည်ကားရာစည်ပင်သာယာဈေး လမ်းဆုံနေရာများ၌ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့သည်။

အဆိုပါနှာခေါင်းစည်းများ ဖြန့်ဝေရာတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးလော်ထန်ခေါင်ဟောင်း ဦးဆောင်၍ အမှုဆောင်တပ်ဖွဲ့ဝင်များက လူစည်ကားရာနေရာများဖြစ်သည့် စည်ပင်သာယာဈေး၊ လမ်းဆုံနေရာ၊ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်ရှိလမ်းသွားလမ်းလာ ခရီးသွားပြည်သူများ၊ ကုန်စုံဆိုင်များ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များ၊ မြို့အဝင်ကျန်းမာရေးစစ်ဆေးဂိတ်များတွင် လက်သန့်ဆေးရည် အသုံးပြုစေခြင်း၊ နှာခေါင်းစည်းများစနစ်တကျတပ်ဆင်စေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန် ပြည်သူများအား အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းအခု ၈၀၀ နှင့် လက်အိတ် ၈၀၀ ကျော် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချီဖွေ (မြို့နယ်ပြန်/ဆက်)**



# နှစ်တစ်ရာအတွင်း ဖြစ်ထွန်းခဲ့သော အောင်မြင်မှုများ

**စာရေးသူ** - MARCOS CORDEIRO PIRES
Source - China Daily Global

တရုတ်ကွန်မြူနစ်ပါတီသည် ပါတီထူထောင်သည့် နှစ်တစ်ရာအတွင်း တစိုက်မတ်မတ်ဖြင့် ဦးဆောင်၍ တရုတ်ပြည်သူများကို အမျိုးသားပြန်လည်နိုးထရေးအိပ်မက်ဆီသို့ တွန်းပို့နိုင်ခဲ့ပါသည်။

**နှစ်ပေါင်း ၄၀၀၀ ကျော် အဆက်မပြတ်ဆက်ခံနိုင်**

ကမ္ဘာပေါ်တွင် နိုင်ငံအချို့သာ သမိုင်းဝင်ကြီးမြတ်သောယဉ်ကျေးမှုများအနက် တစ်ခုနှင့် ဆက်နွယ်သည့်အတိတ်ကို ပိုင်ဆိုင်ထားပါသည်။ သို့သော်လည်း တရုတ်ယဉ်ကျေးမှုတစ်ခုတည်းကသာ နှစ်ပေါင်း ၄၀၀၀ ကျော် အဆက်မပြတ်ဆက်ခံနိုင်ခြင်းကို ဝါကြွားနိုင်လေသည်။

ဥရောပနယ်ချဲ့ဝါဒ၏ လွှမ်းမိုးမှုအောက်ရောက်ရှိခဲ့ဖူးသည့် အာရှနှင့် အာဖရိကနိုင်ငံ အနည်းငယ်သည်သာ အတိတ်ကာလကကဲ့သို့ အင်အားကြီးနိုင်ငံအဖြစ် ပြန်လည်ထူထောင်နိုင်ခဲ့ပါသည်။ ယင်းအနက် တရုတ်နိုင်ငံလည်း အပါအဝင်ဖြစ်ပါသည်။

နိုင်ငံအချို့သည် သိပ္ပံနှင့်နည်းပညာ နောက်ကောက်ကျမှုကို ကျော်လွှားနိုင်ပြီး ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံများနှင့် ယှဉ်တွဲနိုင်လေသည်။ ၁၉၄၉ ခုနှစ်တွင် နှစ်ပေါင်း (၁၀၀) တိုင် အရှက်ခွဲခံရပြီးနောက် တရုတ်နိုင်ငံတွင် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသာ စာတတ်မြောက်ပြီး သိပ္ပံပညာရှင်ထောင်ဂဏန်းသာ ရှိခဲ့သည်။ ယနေ့တွင် တရုတ်နိုင်ငံသည် အင်ဂျင်နီယာ၊ သင်္ချာ၊ သိပ္ပံပညာနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာသင်တန်းများ တက်ရောက်သူအများဆုံးနိုင်ငံ ဖြစ်လာပါသည်။ ဤအောင်မြင်မှုရလဒ်သည် တိုင်းပြည်ကို ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးထုနှင့် အကြီးဆုံးပို့ကုန်နိုင်ငံ၊ သွင်းကုန်နိုင်ငံဖြစ်လာစေပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအနည်းငယ်သည် မိမိတို့၏ ကိုယ်ပိုင်အားထုတ်မှုဖြင့် ရှုပ်ထွေးလှသော ကာကွယ်ရေးစနစ်နှင့် အာကာသအစီအစဉ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် လကမ္ဘာ၏ အမှောင်ဘက်အခြမ်းသို့ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ ထိပ်တန်း 5G နည်းပညာကို တီထွင်ခဲ့ပြီး လူလုပ်မှတ်ဉာဏ် (AI) မူပိုင်ခွင့်ကို ပိုင်ဆိုင်ထားသည်။ တရုတ်နိုင်ငံသည် မြန်နှုန်းမြင့်ရထားကဏ္ဍ၌လည်း ရှေ့ပြေးနေရာတွင် ရပ်တည်နေပြီး ဆယ်နှစ်တာကာလအတွင်း အခြားနိုင်ငံများအားလုံး၏ ရထားလမ်း စုစုပေါင်းထက် ကျော်လွန်သောကွန်ရက်ကို တည်ဆောက်နိုင်ခဲ့သည်။

နယ်ချဲ့ဝါဒနှင့် ကိုလိုနီဝါဒကို ခံစားခဲ့ရသော နိုင်ငံအချို့သည် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုကို ဖယ်ရှားရန် မဟာဗျူဟာများအား နည်းလမ်းရှာဖွေရေးဆွဲခဲ့သည်။ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရှိ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ငတ်မွတ်မှုသည် ဒဏ်ရာအမာရွတ်တစ်ခု ဖြစ်လေသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် နှစ်ပေါင်း ၄၀ ကြာ ပြုပြင်ပြောင်းလဲရေးတံခါးဖွင့်လှစ်မှုဆောင်ရွက်ပြီးနောက် ငတ်မွတ်မှုနှင့် အလွန်အမင်းဆင်းရဲနွမ်းပါးမှုကို အောင်မြင်စွာ ဖယ်ရှားနိုင်ခဲ့ရာ လူသားသမိုင်းတွင် ထူးခြားထင်ရှားမှု အရှိဆုံးသော အောင်မြင်မှုတစ်ခု ဖြစ်ခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းတွင် သန်းပေါင်းများစွာသော လူတို့သည် ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများစွာသည် ကမ္ဘာ့ကပ်ရောဂါကြောင့် GDP သိသိသာသာ ကျဆင်းခဲ့ပြီး စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။ တရုတ်နိုင်ငံသည် ထိုဗိုင်းရပ်စ်၏ဒဏ်ကို ပြင်းပြင်းထန်ထန်ခံခဲ့ရသော ပထမဆုံးနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် ရောဂါကူးစက်မှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ပြီး လူတစ်သန်းတိုင်းတွင် သေဆုံးနှုန်း အလွန်နည်းပါးကာ စီးပွားရေးကို ပြန်လည်ထူထောင်နိုင်ခဲ့ရာ ယမန်နှစ်အတွင်း G20 နိုင်ငံများ၌ စီးပွားရေးတိုးတက်သော တစ်ခုတည်းသောနိုင်ငံဖြစ်ခဲ့သည်။ ၎င်းထုတ်လုပ်လိုက်သည့် ကာကွယ်ဆေးသည် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာအား ကပ်ရောဂါအနိုင်ယူနိုင်ရန် ကူညီပေးလျက်ရှိသည်။ ဘရာဇီးတွင် ကာကွယ်ဆေး ၁၀ မျိုးတွင် ကိုးမျိုးမှာ တရုတ်နိုင်ငံမှဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် တစ်ကိုယ်ကောင်းဆန်မှုများ မြင့်တက်လာနေသော်လည်း တရုတ်နိုင်ငံသည် ကိုဗစ် -၁၉ ဗိုင်းရပ်စ်အား ထိန်းချုပ်သည့် အဓိကအရင်းအမြစ်နှင့် ကာကွယ်ဆေးထောက်ပံ့သူဖြစ်နေပါသည်။

တရုတ်နိုင်ငံ အောင်မြင်မှုရရှိရခြင်း၏ အကြောင်းရင်းများကို ရှာဖွေသောအခါ အဖြေနှစ်ခုကို တွေ့ရှိနိုင်ပါသည်။ ယင်းမှာ တရုတ်ပြည်သူတို့၏ ဆုံးဖြတ်ချက်၊ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်စွမ်းရည်ပင်ဖြစ်ပါသည်။

**ပိုမိုကောင်းမွန်သောဘဝ ထောက်ပံ့ပေးရန်ကတိပြု**

၁၉၁၉ ခုနှစ် မေလတွင် တရုတ်လူငယ်များသည် ဗာဆိုင်းစာချုပ် (the Treaty of Versailles) ကို ရှုတ်ချကြောင်းဖော်ပြခဲ့သည်။ အကြောင်းမှာ ထိုစာချုပ်တွင် တရုတ်နိုင်ငံရှိ ဂျာမန်၏ အကျိုးစီးပွားအား ဂျပန်ဆီသို့ လွှဲပြောင်းပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ တော်လှန်ရေးသတိစိတ်သည် ၁၉၂၁ ခုနှစ် ဇူလိုင်လတွင် တရုတ်ကွန်မြူနစ်ပါတီ ထူထောင်သည့် အလျောက် မြင့်တက်လာခဲ့သည်။ ထိုစဉ်က မက်ခ်ဝါဒအတွေးအခေါ်နှင့် ရုရှားတော်လှန်ရေးအောင်မြင်မှုက နယ်ချဲ့ဝါဒ၊ ဂိုဏ်းဂဏစွဲနှင့် အကျင့်ပျက်ခြစားမှုတို့ကို ဆန့်ကျင်တိုက်ဖျက်ရန် နှိုးဆွပေးခဲ့သည်။ သို့သော် တရုတ်ကွန်မြူနစ်ပါတီသည် နယ်ချဲ့ဝါဒကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်ရှိရုံသာမက ဆိုရှယ်လစ်ဝါဒလမ်းစဉ်တစ်ခုကို ဖော်ထုတ်ခဲ့ပြီး မြို့ပြအလုပ်သမားလူတန်းစားနှင့် လယ်သမားအမြောက်အမြားအတွက် ပိုမိုကောင်းမွန်သောဘဝ ထောက်ပံ့ပေးရန် ကတိပြုခဲ့ပါသည်။

၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရရှိခဲ့သည့် ကြီးမြတ်သောအောင်မြင်မှုသည် ပင်ပန်းဆင်းရဲလှသော ရုန်းကန်မှုနှင့် ဖွဲ့သတ္တိရှိစွာ ကြိုးပမ်းအားထုတ်မှုကြောင့် ရရှိလာခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းမှ အတိုက်အခံဝါဒီများကို ဆန့်ကျင်ရုံသာမက ဂျပန်စစ်ဝါဒ၊ နယ်ချဲ့ဝါဒတို့ကိုလည်း ဆန့်ကျင်ရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြံ့ခိုင်မှုနှင့် နိုင်ငံတော်တည်ငြိမ်မှုသည် ခက်ခက်ခဲခဲအကောင်အထည်ဖော်ခဲ့ရခြင်းဖြစ်သည်။ ၎င်းအနက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်အတွင်း ကိုရီးယားကျွန်းဆွယ်တွင်ဖြစ်ပွားသော အကုန်အကျများသော စစ်ပွဲလည်း ပါဝင်လေသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုနှင့်မတူသည့် ဆိုရှယ်လစ်စနစ်လမ်းကြောင်းကို မပြတ်ရှာဖွေနေသောကြောင့်

တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ပိုင်းသည် "ခုန်ပျံကျော်လွှားမှု" (၁၉၅၈–၁၉၆၀) နှင့် "ယဉ်ကျေးမှုတော်လှန်ရေး" (၁၉၆၆–၁၉၇၆) ကဲ့သို့သော အမှားများကို ဖြစ်စေခဲ့သည်။ သို့သော် ၎င်းသည် နောက်ပိုင်းအဆင့်အတွက် အကျိုးရှိသောအတွေ့အကြုံဖြစ်စေခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်လှစ်မှု စတင်ခဲ့သည်။

**အာမခံချက်ပေးနိုင်ခဲ့**

အနောက်တိုင်း လေ့လာသုံးသပ်သူများသည် ဥက္ကဋ္ဌ မော်စီတုန်းခေါင်းဆောင်မှုကာလက အမွေအနှစ်၊ အတွေ့အကြုံများနှင့် တိန့်ရှောင်ဖိန်ခေါင်းဆောင်မှုကာလကို ခွဲခြား၍ တရုတ်သမိုင်းကို ပိုင်းခြားရှုမြင်ကြလေ့ရှိသည်။ ယင်းသည် မှားယွင်းမှုတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မော်စီတုန်း၏အမွေအနှစ်များ မရှိပါက တိန့်ရှောင်ဖိန်ခေတ်ကာလ၏အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်လာနိုင်မည်မဟုတ်ပေ။ တရုတ်ကွန်မြူနစ်ပါတီသည် မော်စီတုန်း၏ ခေါင်းဆောင်မှုအောက်၌ နိုင်ငံတကာဖိအားများအကြားတွင် ကျေးလက်နေပြည်သူများအား ကျေးလက်မြေယာများ ခွဲဝေပေးခဲ့ပြီး အမျိုးသမီးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို မြှင့်တင်ပေးခဲ့သည်။ အုပ်စုလိုက်ပညာရေးလှုပ်ရှားမှု စီစဉ်ပေးခဲ့သည်။ အကြီးစားစက်မှုဌာန ထူထောင်ခဲ့သည်။ အင်အားတောင့်တင်းသော ကာကွယ်ရေးစွမ်းရည်ကို တည်ဆောက်ခဲ့သည်။ တစ်နည်းဆိုရသော် ၎င်းသည် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နောက်တစ်ဆင့် လုပ်ဆောင်ချက်များကို အာမခံချက်ပေးနိုင်ခဲ့သည်။

တိန့်ရှောင်ဖိန်၏ ခေါင်းဆောင်မှုအောက်တွင် နိုင်ငံ၏ "အခြေခံပဋိပက္ခ" သည် အဆင့်လိုက်ရုန်းကန်ခြင်းမဟုတ်တော့ဘဲ နောက်ကောက်ကျမှုနှင့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ခြင်း ဖြစ်လာပါသည်။ အခက်အခဲအချို့ရှိသော်ငြားလည်း ထိုကဲ့သို့ နည်းလမ်းသစ်သည် နိုင်ငံနှင့် တရုတ်ကွန်မြူနစ်ပါတီ တည်ငြိမ်မှုရှိရေးအတွက် ကြီးမားစွာ အကျိုးဆောင်ပေးနိုင်ခဲ့ပါသည်။ တိန့်ရှောင်ဖိန်ခေတ်ကာလသည် တရုတ်နိုင်ငံအား ကမ္ဘာ့စီးပွားရေးသို့ ပြန်လည်ဝင်ရောက်နိုင်စေခဲ့ပြီး ဈေးကွက်စီးပွားရေးကို ပြန်လည်မိတ်ဆက်ပေးခဲ့ကာ "တရုတ်ဝိသေသဆောင်သော ဆိုရှယ်လစ်ဝါဒ" ကို ပုံဖော်ပေးခဲ့သည်။ ကျန်ဇီမင်းနှင့် ဟူကျင်ထောင်း စသည့်နောက်မျိုးဆက်ခေါင်းဆောင်များသည်လည်း တိန့်ရှောင်ဖိန်လမ်းစဉ်အတိုင်း တစိုက်မတ်မတ်လျှောက်လှမ်း၍ စီးပွားရေးကို အားကောင်းလာစေကာ တရုတ်ပြည်သူများ၏ လူနေမှုဘဝ အဆက်မပြတ်ကောင်းမွန်လာစေရေးအတွက် အခြေခံအုတ်မြစ်ချမှတ်ပေးခဲ့ပါသည်။

**ပြဿနာအားလုံးကို ကျော်လွှားနိုင်**

တရုတ်နိုင်ငံစီးပွားရေး လျှင်မြန်စွာ တိုးတက်မှုကြောင့် ရရှိလာသော အောင်မြင်မှုများသည် ပဋိပက္ခအသစ်များကို ဖြစ်လာစေပါသည်။ လက်ရှိတွင် သမ္မတရှီကျင့်ဖျင်၏ ဦးဆောင်မှုဖြင့် ထိုပဋိပက္ခများကို ဖြေရှင်းလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်မှစ၍ ပုံစံသစ်မြို့ပြဖြစ်ထွန်းလာမှုဖြစ်စဉ် (urbanization) အား တွန်းအားပေးဆောင်ရွက်ရေး၊ ကျေးလက်လူနေမှုဘဝအဆင့်အတန်းမြှင့်တင်ရေး စသည့်စိန်ခေါ်မှုအသစ်များ ပေါ်ထွက်လာခြင်း၊ ဝင်ငွေကွာဟချက် ကြီးမားလာခြင်း၊ စက်မှုထွန်းကားမှု၏ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ အလယ်အလတ်ဝင်ငွေထောင်ချောက်၏ ကန့်သတ်ချက်များ၊ နိုင်ငံပေါင်းစုံပါဝင်မှုဝါဒ (Multilateralism) အကျပ်အတည်း၊ အမျိုးသားရေးဝါဒ ကမ္ဘာ့အဆင့်တွင် ပေါ်ပေါက်လာခြင်း၊ ထိုင်ဝမ်ခွဲထွက်ရေးသမားများ၏ ဖိအား၊ အမေရိကန်က စတင်ခဲ့သော ကုန်သွယ်ရေးစစ်ပွဲ၊ မကြာမီက ဖြစ်ပွားနေသော ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါ စသဖြင့်ပေါ်ပေါက်ခဲ့သည်။ ဤပြဿနာအားလုံးသည် ရှုပ်ထွေးသော အကြောင်းအရာများ ဖြစ်သည်။ သို့သော် သန်းချီသောအမှုထမ်းများနှင့် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များ၏အတွေ့အကြုံနှင့် တရုတ်ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံမှုတို့ဖြင့် ဤပြဿနာအားလုံးကို ကျော်လွှားနိုင်ပါသည်။ တရုတ်နိုင်ငံသည် ၂၀၄၉ ခုနှစ်တွင် ဆိုရှယ်လစ်စနစ်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်သောနိုင်ငံ ဖြစ်လာပါလိမ့်မည်။

တရုတ်ကွန်မြူနစ်ပါတီသည် ၎င်း၏ တိုးတက်မှုဖြစ်စဉ်အတွင်း အမှားကျူးလွန်ခဲ့ဖူးသကဲ့သို့ အောင်မြင်မှုများလည်း ရရှိခဲ့ပါသည်။ သို့သော် ချိန်ခွင်လျှာသည် အောင်မြင်မှုဘက်သို့ အမြဲသိသိသာသာ အလေးသာနေပါသည်။ ။

> **ကမ္ဘာတစ်ဝန်းတွင် သန်းပေါင်းများစွာသော လူတို့သည် ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများစွာသည် ကမ္ဘာ့ကပ်ရောဂါကြောင့် GDP သိသိသာသာကျဆင်းခဲ့ပြီး စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။ တရုတ်နိုင်ငံသည် ထိုဗိုင်းရပ်စ်၏ဒဏ်ကို ပြင်းပြင်းထန်ထန်ခံခဲ့ရသော ပထမဆုံးနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် ရောဂါကူးစက်မှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ပြီး လူတစ်သန်းတိုင်းတွင် သေဆုံးနှုန်း အလွန်နည်းပါးကာ စီးပွားရေးကို ပြန်လည်ထူထောင်နိုင်ခဲ့ရာ ယမန်နှစ်အတွင်း G20 နိုင်ငံများ၌ စီးပွားရေးတိုးတက်သော တစ်ခုတည်းသောနိုင်ငံဖြစ်ခဲ့။**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၃၀၃၃၂၉၂ လုံးအထိ အသုံးပြုပြီးဖြစ်

**မော်စကို ဇူလိုင် ၆**

ရုရှားနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ တရားဝင်သတင်းအချက်အလက်များအရ ရုရှားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၃၀၃၃၂၉၂ လုံးအထိ အသုံးပြုပြီးဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

**ပြောကြား**

လက်ရှိတွင် မော်စကိုမြို့၌ နေထိုင်သူ သုံးသန်းဝန်းကျင်ခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းလည်း မော်စကိုမြို့တော်ဝန် ဆာဂျီဆိုဗျာနင်က ဇူလိုင် ၅ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဒယ်လ်တာ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သည် မော်စကိုမြို့၌ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းလည်း မော်စကိုဒုတိယမြို့တော်ဝန် ရာကိုဗာက ပြောကြားသည်။ ရုရှားနိုင်ငံမြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၉၈ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ပေါင်း ၁၃၉၉၈၃၀ ရှိလာကြောင်း သိရသည်။

**သိရ**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၃၇၈ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၆၅၈၆၇၂ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၃၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၁၃၉၃၁၆ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၈၄၁၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၁၀၁၈၅၂ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






# အစ္စရေးနိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အာနိသင်ထိရောက်မှု ၆၄ ရာခိုင်နှုန်းအထိ ကျဆင်း

**ဂျေရုဆလင် ဇူလိုင် ၆**

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အာနိသင်ထိရောက်မှုသည် ၆၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံ၏ ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်မှုသည် မေလအတွင်းက ၉၄ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အဆိုပါ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အာနိသင်ထိရောက်မှုသည် အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ် အစ္စရေးနိုင်ငံအတွင်း ကူးစက်ပျံ့နှံ့မှုနှင့်အတူ ဇွန် ၆ ရက်နောက်ပိုင်းမှစတင်ကာ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

သို့ရာတွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ပြင်းထန်သည့်အဖျားရောဂါဖြစ်ပွားမှုကိုမူ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးက ၉၃ ရာခိုင်နှုန်းကာကွယ်နိုင်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးနိုင်ငံ၌ လက်ရှိတွင် အသက် ၁၆ နှစ်နှင့် အထက်အသက်အရွယ်ရှိသူများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ သို့ရာတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်နေသည့်အတွက် ဇွန် ၂၅ ရက်မှစတင်ကာ နှာခေါင်းစည်းမဝတ်မနေရအမိန့်ကို အစ္စရေးအစိုးရက ထပ်မံထုတ်ပြန်ခဲ့ကြောင်းသိရသည်။

အစ္စရေးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးစင်တာများ၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြား အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်လျက်ရှိနေစဉ် အစ္စရေးအစိုးရကလည်း လေဆိပ်များ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို တင်းကျပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ထပ်မံမြင့်တက်လာမည်ကို စိုးရိမ်ပူပန်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူပြောကြား

**နယူးဒေလီ ဇူလိုင် ၆**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ချိုးဖောက်ခြင်းနှင့် ခရီးသွားလာခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ထပ်မံမြင့်တက်လာမည်ကို စိုးရိမ်ပူပန်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ လာအေဂါဝါက ယနေ့ ပြောကြားသည်။

နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့်သာ ရောဂါထိန်းချုပ်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဟု ၎င်းကပြောကြားသည်။ မိမိတို့အနေဖြင့် လက်ရှိအချိန်တွင် ဈေးများ၌ နှာခေါင်းစည်းမဝတ်ဆင်ဘဲ သွားလာနေသူများကို တွေ့မြင်နေရသောကြောင့် ၎င်းအပြုအမူများသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးဆိုင်ရာ ရလဒ်များကို ထိခိုက်စေနိုင်ကြောင်းနှင့် ၎င်းစည်းမျဉ်းများကို အနည်းငယ်မျှ ချိုးဖောက်ခြင်းသည်ပင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ပြန်လည်မြင့်တက်လာစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကမ္ဘာလှည့်ခရီးသည်များလာရောက်ရာနေရာများနှင့် တောင်တန်းဒေသများတွင် ခရီးသွားလာနေသော လူအုပ်စုများဖြင့် ပြည့်နှက်နေကြောင်း သိရသည်။

ဒေလီမြို့ရှိ ဈေးနှင့် မွမ်ဘိုင်းမြို့ရှိ ဈေးများတွင် နှာခေါင်းစည်းမဝတ်ဆင်ဘဲ သွားလာနေသည့် ဓာတ်ပုံများကို လက်ခံရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း တောင်ပေါ်ဒေသများတွင်လည်း နှာခေါင်းစည်းမဝတ်ဆင်ဘဲ သွားလာလှုပ်ရှားနေသည့် ဒေသခံများ၏ ဓာတ်ပုံများကိုလည်း လက်ခံရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၃၄ သန်းကျော်ရှိလာ

**ဂျကာတာ ဇူလိုင် ၆**



အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၁၈၉ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၃၄၅၀၁၈ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၁၈၆၈ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အလားတူ အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၅၈၆၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၉၅၈၅၅၃ ဦး ရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် ၃၄ ခုစလုံးသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းနှင့် အထူးသဖြင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ဂျကာတာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၃၉ ဦး၊ အနောက်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၃၉ ဦး၊ အလယ်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၄၈ ဦး၊ အရှေ့ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၈ ဦးနှင့် ယိုဂျာကာတာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၈၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နိုင်ငံအတွင်းချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးမည်



**လန်ဒန် ဇူလိုင် ၆**
ဗြိတိန်နိုင်ငံအစိုးရသည် နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်း အာလုံးနီးပါးကို ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဇူလိုင် ၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်အစိုးရ၏ ဖြေလျှော့ပေးမည့်အစီအစဉ်များထဲတွင် အများပြည်သူနှင့်ဆိုင်သည့် နေရာများတွင် နှာခေါင်းစည်းမဖြစ်မနေဝတ်ဆင်ရခြင်း၊ လူစုလူဝေးပြုလုပ်ခြင်းကိုကန့်သတ်ခြင်း၊ လူမှုဘဝ ခပ်ခွာခွာနေထိုင်ခြင်း စသည့် ကိုဗစ်-၁၉ရောဂါ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပါဝင်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဇူလိုင် ၅ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

အထက်ပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဇူလိုင် ၁၉ ရက်တွင် နောက်ဆုံးထား၍ ဖြေလျှော့ပေးသွားမည် ဖြစ်ကြောင်းလည်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားသည်။

ယင်းသို့ နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးသွားမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါသည် ပြီးဆုံးသွားသည့်အခြေအနေသို့ မရောက်ရှိသေးကြောင်း ဘောရစ်ဂျွန်ဆင်က ပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၀၀၀ ကျော်ရှိကြောင်းနှင့် အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သည်လည်း ဗြိတိန်နိုင်ငံအတွင်း လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၀ ဒသမ ၆၁ သန်းကျော်ရှိလာ

**နယူးဒေလီ ဇူလိုင် ၆**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၇၀၃ ဦးတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၀၆၁၉၉၃၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၅၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၀၃၂၈၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၁၈၆၄ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၂၉၇၅၂၂၉၄ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၄၆၄၃၅၇ ဦးရှိကြောင်းသိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# အစ္စရေးနိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ၂၃ ဒသမ ၁ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးဖြစ်

**ဂျေရုဆလင် ဇူလိုင် ၆**
အစ္စရေးအစိုးရသည် ဇွန် ၆ ရက်မှစ၍ လက်ရှိအချိန်အထိ ဆယ်ကျော်သက်အရွယ် ၁၃၁၀၀၀ ခန့် သို့မဟုတ် အသက် ၁၂ နှစ် မှ ၁၅နှစ် အကြား ဆယ်ကျော်သက်အရွယ် အားလုံး၏ ၂၃ ဒသမ ၁ ရာခိုင်နှုန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့ပြင် အစ္စရေးအစိုးရသည် အသက် ၅၀ နှင့်အထက်ရှိ ပြည်သူ ၈၈ ရာခိုင်နှုန်း သို့မဟုတ် အသက် ၅၀ နှင့် အထက်ရှိ ပြည်သူအားလုံး၏ ၂ ဒသမ ၁၆ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။ အစ္စရေးပြည်သူ ၅ ဒသမ ၆၆ သန်းသည် အမေရိကန်နိုင်ငံထုတ် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြသည်။ ပြည်သူ ၅ ဒသမ ၆၆ သန်းသည် နိုင်ငံ၏ စုစုပေါင်းလူဦးရေ၏ ၆၀ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိသည်။

အစ္စရေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေး ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသည့် ပြည်သူများကို ဦးစားပေးထိုးနှံပေးခဲ့သည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ယခုနှစ် မေ ၂ ရက်နှင့် ဇွန် ၅ ရက် အကြားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် ၉၄ ဒသမ ၃ ရာခိုင်နှုန်း ထိရောက်မှုရှိသော်လည်း ဒယ်လ်တာ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လာချိန် ဇွန် ၆ ရက်နှင့် ဇူလိုင် ၃ ရက် အကြားတွင် ရောဂါ ကာကွယ်ရန် ထိရောက်မှု ၆၄ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း အစ္စရေးကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ထိုင်းနိုင်ငံက ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူမည်

**ဗန်ကောက် ဇူလိုင် ၆**
ထိုင်းနိုင်ငံက နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုများမြင့်တက်လာခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် Pfizer, Sinovac နှင့် Moderna ကာကွယ်ဆေးများကို ဝယ်ယူမည့်အစီအစဉ်ကို ယနေ့အတည်ပြုကြောင်း သိရသည်။

**ထပ်မံအတည်ပြု**

Pfizer ကာကွယ်ဆေးအလုံးရေ သန်း၂၀ကို အမေရိကန်နိုင်ငံမှ ဝယ်ယူရန် ဝန်ကြီးအဖွဲ့က အတည်ပြုခဲ့ကြောင်းနှင့် Moderna ကာကွယ်ဆေးအလုံးရေ ၅ သန်းနှင့် Sinovac ကာကွယ်ဆေးများကို ဝယ်ယူရန် ထပ်မံအတည်ပြုခဲ့ကြောင်း ထိုင်းနိုင်ငံ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ အကြံပေး အူဒုန်ကာချင်သောင်က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ရောဂါ တတိယလှိုင်းကူးစက်ဖြစ်ပွားနေမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၄၆၅၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၃၃ ဦးရှိသည်။

**ထိုးနှံပေးခဲ့ပြီး**

နိုင်ငံအတွင်း ကာကွယ်ဆေးအလုံးရေ ၁၁ သန်းကျော်ကို ယမန်နေ့အထိ ထိုးနှံပေးခဲ့ပြီး နိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းဖြစ်သော လူပေါင်း သန်း၇၀ နီးပါးကိုယခုနှစ်မကုန်မီ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# Pfizer ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၅၀၀၀၀ ခန့် နယူးဇီလန် လက်ခံရရှိ




**ဝယ်လင်တန် ဇူလိုင် ၆**

နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနနှင့် Pfizer ဆေးဝါးကုမ္ပဏီတို့၏ ပူးပေါင်းကြိုးပမ်းလုပ်ဆောင်မှုများကြောင့် Pfizer ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လက်ခံရရှိရန် စီစဉ်ထားသည့် နေ့ထက် နှစ်ရက်စောပြီး လက်ခံရရှိခဲ့ကြောင်း နယူးဇီလန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေး ဝန်ကြီး ခရစ်ဟစ်ပ်ကင်းစ်က ယနေ့ပြောကြားသည်။

Pfizer ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၅၀၀၀၀ သည် ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် အောက်ကလန်းလေဆိပ်သို့ ရောက်ရှိလာခဲ့ပြီး ထိုမှ တစ်ဆင့် ကာကွယ်ဆေးသိုလှောင်ရုံနှင့် ဖြန့်ဖြူးရေးစင်တာသို့ သယ်ဆောင်ခဲ့သည်။ ကာကွယ်ဆေးသိုလှောင်ရုံနှင့် ဖြန့်ဖြူးရေးစင်တာတွင် ကာကွယ်ဆေး၏ အရည်အသွေး စစ်ဆေးမှုနှင့် လေယာဉ်ဖြင့် သယ်ဆောင်လာစဉ် ကာကွယ်ဆေးအပျက်အစီးများရှိ၊ မရှိ စစ်ဆေးမှုများကို ပြန်လည်ပြုလုပ်ခဲ့ကြောင်း ဟစ်ပ်ကင်းစ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နယူးဇီလန်အစိုးရသည် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအားလုံးနီးပါးကို ကာကွယ်ဆေးသိုလှောင်ရုံသို့ ဖြန့်ဖြူးထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများသည် ယမန်နေ့ညက ကာကွယ်ဆေးကို ထုပ်ပိုးထားပြီး နိုင်ငံတစ်ဝန်းရှိ ခရိုင် ကျန်းမာရေးဘုတ်အဖွဲ့များနှင့် ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ ပို့ဆောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် နယူးဇီလန်အစိုးရသည် လာမည့်သီတင်းပတ်များမှစ၍ ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- ဂျေတီ**

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၈၀ ရှိ



**တီဟီရန် ဇူလိုင် ၆**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၈၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၂၈၆၉၂၃ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၆ ဦး ရှိခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၈၅၀၉၅ ဦး ရှိလာကြောင်း အီရန် ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၂၉၅၃၅၈၆ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၉၆ ဦးရှိကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၄၄၉၇၅၇၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၂၀၁၇၈၀၉ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် အီရန်နိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိပြီး မြို့တော်တီဟီရန်အပါအဝင် နိုင်ငံ၏ဒေသအများစုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု သိသိသာသာ မြင့်တက်လျက်ရှိကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပြတ်လပ်

**ဒါကာ ဇူလိုင် ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဆေးရုံများ၌ တက်ရောက်ကုသသော ကိုဗစ်-၁၉ လူနာများအရေအတွက် များပြားလာခြင်းနှင့်အတူ ဆေးဝါးမလုံလောက်မှုအပါအဝင် ကိုဗစ်-၁၉ လူနာများအတွက် သုံးစွဲသော အောက်စီဂျင်ဓာတ်ငွေ့မလုံလောက်မှုများကို ကြုံတွေ့နေရကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ချုပ်က ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကျေးလက်နှင့်မြို့ပြဒေသများတွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်များ လျင်မြန်စွာပျံ့နှံ့နေကြောင်း အဆိုပါအဖွဲ့၏ ပြောကြားချက်အရ သိရသည်။ နိုင်ငံမြို့တော် ဒါကာတွင် တွေ့ရှိရသော ကိုဗစ်-၁၉ကူးစက်ခံရသူများ၏ ၇၈ရာခိုင်နှုန်းမှာ ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရခြင်းဖြစ်ကြောင်း အစိုးရက ပြောကြားသည်။ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဒေသများရှိ ဆေးရုံများတွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုနှင့် အဆိုပါရောဂါကြောင့် သေဆုံးမှုများပြားကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ သုံးရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူများဖြစ်သည်။ ဘင်္ဂလားဒေ့ရှ် ကြက်ခြေနီအဖွဲ့အနေဖြင့် လက်ရှိအချိန်တွင် လူနာတင်ယာဉ်များကို လုပ်ငန်းဆောင်ရွက်ရန် အသင့်ပြင်ဆင်ထားပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီးဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအဖွဲ့မှ အတွင်းရေးမှူးချုပ် ဖရော့ဆလပ်အူဒင်က ပြောကြားသည်။

သို့ရာတွင် ဆေးဝါးပြတ်လပ်မှုက လုပ်ငန်းကို နှောင့်နှေးစေကြောင်း၊ လူအစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးနှံပေးခြင်းကသာလျှင် မိမိတို့နိုင်ငံနှင့် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခြင်းနှင့် ရောဂါကူးစက်ခြင်းတို့ကို လျှော့ချနိုင်သည့် နည်းလမ်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၈၅၀၆၀၆၉၂ ဦး | သေဆုံးသူ ၄၀၀၃၁၄၀ ဦး | ပြန်လည်ကျန်းမာလာသူ ၁၆၉၃၉၈၈၃၁ ဦး |
| --- | --- | --- | --- |

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၇ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ ဇူလိုင် ၆**

အာဖရိကတိုက်၌ ယနေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၆၉၈၉၆၆ ဦး ရှိလာကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင် ၅၅ နိုင်ငံမှ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ စုစုပေါင်း ၁၄၇၀၈၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၉၃၈၇၇၀ ရှိလာကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

လက်ရှိတွင် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၀၇၅၄၀၉ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၃၄၇၉၇ ဦးရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရသိရသည်။

အာဖရိကတိုက်၌ အာဖရိက တောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်ကာ အာဖရိက အလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။



**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

## ဟုမ္မလင်းရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ (ဟောင်း)၏ နေအိမ်တွင် ဆန္ဒမဲလက်မှတ်စာအုပ်များနှင့် UEC တံဆိပ်တုံးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ဟုမ္မလင်းရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဘိုချစ်၏ နေအိမ်၌ လက်လုပ်ဗုံးများ စုဆောင်းထားကြောင်း သတင်းအရ ဇူလိုင် ၂ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်စောင်ရေ ၅၀ ပါ ဆန္ဒမဲလက်မှတ်စာအုပ် နှစ်အုပ်နှင့် ဆန္ဒမဲပေးရာတွင် အသုံးပြုခဲ့သော UEC တံဆိပ်ပါ တံဆိပ်တုံး သုံးခု သိမ်းဆည်းရမိခဲ့သည်။ ဦးဘိုချစ်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး သိမ်းဆည်းရမိခဲ့သော ရွေးကောက်ပွဲသုံးပစ္စည်းများကို ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် အပ်နှံထားကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဟုမ္မလင်းမြို့နယ်၏ ဆန္ဒမဲလက်မှတ်များကို မြေပြင်စစ်ဆေးခဲ့စဉ်က ပျောက်ဆုံးဆန္ဒမဲလက်မှတ် ၇၈၂၂ စောင်နှင့် အပို ၃၈၅၇ စောင်ရှိကြောင်း မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ သတင်းစဉ်



သိမ်းဆည်းရမိသော ဆန္ဒမဲလက်မှတ်စာအုပ်များနှင့် UEC တံဆိပ်တုံးများ။

## မိန်းကလေးတစ်ဦး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၆

မိန်းကလေးတစ်ဦး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စာ၀(၁၆)လမ်းနေ ရဲဇော်ထက် (ခ)ကိုရဲ(မိ)၊ လှိုင်သာယာမြို့နယ်နေ မခင်လေး (တိမ်းရှောင်) နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွားကုန်းရပ်ကွက်နေ အေးအေးဝင်း (ခ)မြတ်နိုး(ခ) အေးအေးမာ(ခ) မွန်မွန်မြတ်(မိ)တို့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နေ မXXX၊ ၂၁ နှစ်အား တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုအား မူဆယ်မြို့မ ရဲစခန်းက (ပ)၇၃၀/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၃၀ ရက်တွင် တရားခံ ရဲဇော်ထက်(ခ)ကိုရဲနှင့် အေးအေးဝင်း (ခ) မြတ်နိုး (ခ) အေးအေးမာ (ခ) မွန်မွန်မြတ် တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင် တရားခံအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြိတ်၊ ရေးနှင့် လားရှိုးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် Sodium Acetate များ သိမ်းဆည်းရမိ



အောင်မျိုးခိုင်၊ ကောင်းဆက်ဇော် တို့အား သိမ်းဆည်းရမိသည့် Sodium Acetate များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာရှိ တပ်ဦးကျောင်းလမ်းတွင် မျိုးသီဟထွန်း (ခ)သားကြီး၊ သက်ပိုင်ထွန်း(ခ) သက်ပိုင်နှင့် ရှိုင်းကိုဦး(ခ)ရှိုင်းကိုတို့ သုံးဦးကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရှာဖွေစဉ် ရှိုင်းကိုဦး(ခ)ရှိုင်းကိုမှာ ထွက်ပြေးသွားပြီး မျိုးသီဟထွန်း (ခ)သားကြီးနှင့် သက်ပိုင်ထွန်း(ခ) သက်ပိုင်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၅ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ချောင်းတောင်ကျေးရွာအနီးရှိ ချောင်းတောင်-ကလေ့လေး ကျေးရွာသွား ကားလမ်းတွင် ပလိုင်မွန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကို လည်းကောင်း၊ ထို့အတူ ဇူလိုင် ၄ ရက် ည ၁၀ နာရီ ၃၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် နတ်ရေကန်လမ်း အနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသည့် ခြောက်ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်း အောင်မျိုးခိုင်နှင့် ယာဉ်နောက်လိုက် ကောင်းဆက်ဇော်တို့ကို တွေ့ရှိရပြီး Sodium Acetate ကီလို ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၈၅ စီး၊ သွင်းကုန် ၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၂၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၀၂ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Rice Cooker ၁၀ လုံး၊ Electric Kettle အလုံး ၂၀၊ Cold Fan ၁၀ လုံးနှင့် အဝတ်အထည်မျိုးစုံ နှစ်ထုပ် (15 Kg)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၇-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV

| | |
|---|---|
| ၀၆:၀၀ | ရတနသုတ်ပရိတ်တရားတော် |
| ၀၇:၁၅ | ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ရန်ကုန်နှင့်မကွေး) |
| ၀၉:၁၀ | မွေးမြူရေးရာအဖြာဖြာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၃၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁:၄၅ | ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး |
| ၁၃:၁၀ | သီချင်းကြီးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၄၅ | ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ကရင်နှင့်မန္တလေး) |
| ၁၇:၃၅ | MRTV Travelogue |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၅ | ပြည်သူ့အကျိုးပြုထာဝစဉ်ရှေ့ရှု |
| ၁၉:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါင်းဆောင်ရာ' (အပိုင်း-၁၈) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဝဿာန်ခါမီတေးသံသီ ဖျော်ဖြေမှုအစီအစဉ် |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပဟေဠိချက်များ' (အပိုင်း-၁) |
| ၂၂:၁၀ | ပြည်သူ့နီတိ 'လက်လှန်' |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Exceptional Life Styles of Inle Lake |
| 07:46 | Finding Ways for Coexistence between People and Elephants |
| 08:01 | The Crocodiles of Meinmahla Island |
| 08:29 | Innovative Handiworks Based On The Art Of Line Drawing |
| 08:48 | Toddy Palm Product Shop |
| 09:01 | Next Generation "Saw Noel (Violinist)" |
| 09:11 | Ecotourism: White City Block & Japanese Underground Hospital |
| 09:27 | Mommy Cook: The Foster Mother |
| 09:45 | Traditional Thatch Roof - Thet Nge |
| 10:01 | Famous Pagodas of Sagaing |
| 10:25 | Discovering Tribes: Ancient Kayah their life and customs |
| 11:21 | Hand Down Arts Heritage |

### MRTV NKC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လက်ကိုင်ဖုန်း နှင့် ကျန်းမာရေး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင် ရိုးရာဓလေ့

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဓနိပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ဒီဇိုင်နာ ဟီဟီ နှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်းဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ငါးမာလာဟင်း ချက်ပြုတ်နည်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မင်းတပ်မြို့ရဲ့ မိုးရာသီ အလှပုံရိပ်များ (အပိုင်း-၂)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ကော့နပ်ရွာ ကဦးနာအောက်ဘုရား

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အိပ်မက်ကကြိုးကခုန်သူ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့ အိုးလက်ရာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
မြင်းခွာရွက် နှင့် ကျန်းမာရေး

### MRTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၁၅ | ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ရန်ကုန်နှင့်မကွေး) |
| ၁၄:၄၅ | ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ကရင်နှင့်မန္တလေး) |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်နှင့် လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဟောင်း ဦးဇာနည်အောင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သော ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

**တံစိုးလက်ဆောင်အဖြစ်လက်ခံရယူခဲ့**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က မန္တလေးတိုင်းဒေသကြီးအတွင်း စီမံကိန်းဇရိယာနှင့်ဆက်စပ်သည့် လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်ရရှိရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရေးတို့အတွက်ဆောင်ရွက်ရသည့် ဆက်စပ်ကုမ္ပဏီတစ်ခုထံမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ထိုင်းဘတ်ငွေ တစ်သိန်းနှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ထိုင်းဘတ်ငွေ နှစ်သိန်း စုစုပေါင်း ထိုင်းဘတ်ငွေသုံးသိန်းပေးအပ်ခြင်းကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း။

ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းကို လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုက ဆေးကုသစရိတ်အကြောင်းပြ၍ ၂၀၁၉ ခုနှစ်တွင် ငွေကျပ် သိန်း ၃၅၀၊ ၂၀၂၀ ပြည့် နှစ်တွင် ငွေကျပ်သိန်း ၃၀၀ စုစုပေါင်း ငွေကျပ် သိန်း ၆၅၀ ပေးအပ်ခြင်းကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်ကြောင်း။

ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း ထိုင်းနိုင်ငံ ဘန်ရွမ်ဂရက်(စ်)ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် မန္တလေးတိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်တစ်ဦးက လာရောက်တွေ့ဆုံပြီး ဆေးကုသစရိတ်အကြောင်းပြ၍ အမေရိကန်ဒေါ်လာ တစ်သိန်းကို သုံးကြိမ်ခွဲ၍ ပေးအပ်ခဲ့ခြင်းကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်ကြောင်း။

ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရက စီမံခန့်ခွဲခွင့်ရှိသည့်မြေနေရာ သုည ဒသမ ၀၁၇၁ ဧက ကို မြင်းခြံခရိုင်/မြို့နယ် NLD ပါတီရုံးအတွက် ချထားပေးခဲ့ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ တွက်ချက်မှုအရ အနည်းဆုံးကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၉၄၁ သိန်း တန်ဖိုးရှိသောမြေကွက်အား တည်ဆဲဥပဒေစည်းမျဉ်းများကို ဖောက်ဖျက်၍ တန်ဖိုးငွေကျပ် ငါးသိန်းကျော်ကိုသာ ပေးသွင်းစေခဲ့သဖြင့် နိုင်ငံတော်မှ ငွေကျပ်သိန်း ၉၃၀ ကျော် ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပြင်ဦးလွင်မြို့နယ်ပါတီရုံးအတွက် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲရမည့်မြေ သုည ဒသမ ၁၇၂ ဧကကို ခွင့်ပြုချထားပေးခဲ့ရာ ပြည်တွင်းအခွန်များဦးစီးဌာနမှ အနည်းဆုံးကာလပေါက်ဈေး တန်ဖိုးငွေကျပ် သိန်း ၂၅၈၀ တန်ဖိုးရှိသော မြေကွက်အတွက် တည်ဆဲဥပဒေစည်းမျဉ်းများကို ဖောက်ဖျက်၍ ငွေကျပ် ၆၁ သိန်း ကျော်ကိုသာ မြေဖိုးပေးသွင်းစေခဲ့ရာ နိုင်ငံတော်မှ ငွေကျပ်သိန်း ၂၅၀၀ ကျော် နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

**တရားစွဲဆို အရေးယူနိုင်ရေး**

ခေတ္တဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဟောင်း ဦးဇာနည်အောင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်မြေသာစံမြို့နယ်ရုံးအတွက် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲရမည့် မြေနေရာ သုည ဒသမ ၂၁၆၄ ဧက ချထားပေးခဲ့ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ အနည်းဆုံးကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၉၃၁ သိန်း တန်ဖိုးရှိသော မြေကွက်ကို တည်ဆဲဥပဒေစည်းမျဉ်းများကို ဖောက်ဖျက်၍ မြေဖိုးငွေကျပ် သိန်း ၁၁၀ ကျော်သာ ပေးသွင်းစေခဲ့သဖြင့် နိုင်ငံတော်မှ ငွေကျပ်သိန်း ၈၁၀ ကျော် နစ်နာဆုံးရှုံးစေခဲ့ကြောင်းနှင့် ချမ်းအေးသာစံမြို့နယ် NLD ပါတီရုံးမြေနေရာအတွက် သုည ဒသမ ၀၈၂၆ ဧကကို ချထားပေးခဲ့ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက အနည်းဆုံးကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၅၉၅ သိန်း တန်ဖိုးရှိသောမြေကွက်အား တည်ဆဲဥပဒေစည်းမျဉ်းများကို ဖောက်ဖျက်၍ ငွေကျပ် ၅၃ သိန်းကျော်ကိုသာ မြေဖိုးပေးသွင်းစေခဲ့ရာ နိုင်ငံတော်မှ ငွေကျပ်သိန်း ၅၄၀ ကျော် နစ်နာဆုံးရှုံးစေခဲ့ကြောင်းတို့ စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးဟောင်း ဦးဇာနည်အောင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်း၌ ဇူလိုင် ၆ ရက်တွင်ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ သိမ်းဆည်းခဲ့သည့် သတ္တုဖွံ့ဖြိုးရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်အပ်နှံထားသည့် ငွေကျပ် သိန်း ၈၅၀၀ ကျော်ပါ ဘဏ်စာအုပ်နှင့် ငွေသား ကျပ်သိန်း ၄၅၀ တို့ကို လည်းကောင်း၊ အမေရိကန်ဒေါ်လာ နှစ်သောင်းနှင့် ထိုင်းဘတ်ငွေ ငါးသိန်းတို့ကို လည်းကောင်း ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် အမှတ် (၃၁၆/၄)နှင့် (၃၁၆/၅) အကြားတွင် ဇူလိုင် ၅ ရက် ညနေပိုင်းက နေပြည်တော်မှ မန္တလေးသို့ မောင်းနှင်လာသော အဖြူရောင်ယာဉ်သည် နောက်တန်းလေးပင်ပြုတ်ထွက်၍ လမ်းအရှေ့ဘက်မြေသားလမ်းတွင် ကာရံထားသော GUART RAIL တန်းများအား တိုက်မိမှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ၁၀ ဦးအနက် ငါးဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်မောင်း ဦးအောင်အောင်အား ပြင်စည်အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်မျိုး**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

မြို့နယ်အချို့၌ အကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ နှင့် သိုဝှက်သိမ်းဆည်းထားရှိသူ များအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။

ထိုသို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲတွင် ပေါင်းတည်မြို့နယ် မှတ်တိုင်နယ်မြေရဲစခန်း (ပ) ၁/၂၀၂၁၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အမှုမှ တရားခံ ကျော်မင်းဦး(ခ) အောကြီးနှင့် ဆက်စပ်တရားခံ ကျော်သူရ(ခ)ဖိုးကျော်တို့ နှစ်ဦး၏ ထွက်ဆိုချက်အရ ကျော်သူရ(ခ) ဖိုးကျော်နှင့် သဲကုန်းမြို့နယ် ပျဉ်ကြီးကျေးရွာနေ စန်းမောင်(ခ) စန်းကြီး(၅၈)နှစ် (ဘ)ဦးအောင်မောင်းတို့ နှစ်ဦးသည် ပေါင်းတည်မြို့နယ် ကျောင်းစုကျေးရွာနေ ညွန့်လှိုင်(၅၅)နှစ် (ဘ)ဦးကုလားဆိုသူက စေခိုင်း၍ နတ်တလင်းမြို့နယ် ညောင်လေးပင်ကျေးရွာနေ ကိုပေါက်ကင်း(စိစစ်ဆဲ)ထံမှ တူမီးသေနတ် ၁၃ လက်ကို ငွေကျပ် သုံးသိန်းဖြင့် ဝယ်ယူကာ သဲကုန်းမြို့နယ် ညောင်ပင်စုကျေးရွာနေ မြင့်စိုး(၄၈)နှစ် (ဘ) ဦးတင်မောင်၏ နေအိမ်တွင် အပ်နှံထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ အဆိုပါ နေအိမ်အတွင်းမှ မြင့်စိုးအား တူမီးသေနတ် ၁၃ လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်၍ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဆက်စပ်တရားခံ စန်းမောင် (ခ) စန်းကြီး၏ နေအိမ်သို့ သွားရောက်စစ်ဆေးရာ စန်းမောင်(ခ) စန်းကြီးအား ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



(ဝဲမှယာ) တရားခံ မြင့်စိုး၊ ကျော်သူရ(ခ)ဖိုးကျော်၊ စန်းမောင်(ခ)စန်းကြီးတို့ကို တူမီးသေနတ်များနှင့်အတူ ဖမ်းဆီးရမိစဉ်။

အထက်ပါ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်း ထားရှိသူများနှင့် လက်ဝယ်ထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ

**မောင်မင်းဇံ**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများတွင် တက်ကြွစွာဆောင်ရွက်နေကြသော နိုင်ငံသားများ၏အခန်းကဏ္ဍသည်လည်း အရေးပါသည်။ ၎င်းတို့သည် အဂတိလိုက်စားမှုဖြစ်စဉ်များကို အလေးထားစောင့်ကြည့်ခြင်း၊ အဂတိလိုက်စားမှုများ အကြောင်းနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများအား အခြားပြည်သူများသို့ လှုံ့ဆော်အသိပေးနိုင်ခြင်းနှင့် နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုများကို စောင့်ကြည့်အကဲဖြတ်ခြင်းများကို လုပ်ဆောင်ကြပါသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အဆိုပါနိုင်ငံရေးအလွှာရှိ လူပုဂ္ဂိုလ်များအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်သည့် အပြုအမူ၊ အမူအကျင့်များကို မွေးမြူသည့် အလေ့အထများဖြစ်ပေါ်စေပြီး ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးနှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်လာစေရေးတို့ကို ဦးတည်ဖြစ်ပေါ်စေ။**

### ပြည်သူတို့ ပူးပေါင်းပါဝင်ရေး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ လုပ်ဆောင်လျက်ရှိပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တစ်ခုဖြစ်သည့် "ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း" တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ဝင်ရောက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ မိမိတို့နိုင်ငံသည်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး လုပ်ဆောင်လျက်ရှိရာ ထိုက်သင့်သောအောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်နေရသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လုပ်ဆောင်ရာတွင် လက်တွေ့ကျသော လုပ်ငန်းစဉ်များ၊ ခိုင်မာအားကောင်းသောဥပဒေများနှင့် တာဝန်ခံဆောင်ရွက်ပေးမည့်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားနိုင်မည့်မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်မှသာ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ဖြေရှင်းသွားနိုင်မည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ရာတွင် တာဝန်ရှိသောအဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်ခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍဖြစ်သကဲ့သို့ ပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် မူဝါဒများချမှတ်လုပ်ဆောင်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် အခြားသောတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများကဲ့သို့သော အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းများဖြင့်သာ တာဝန်ယူလုပ်ဆောင်ရန် ရေးဆွဲချမှတ်ခြင်းသည် လုံလောက်မှုမရှိဘဲ ပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု၏ အရေးပါပုံကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

### ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်

မြန်မာနိုင်ငံမှ ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ထားသော ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ အပိုဒ် ၁၃ (၁) တွင် "အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ခြင်းနှင့် ဆန့်ကျင်တိုက်ဖျက်ခြင်းပြုရာတွင် လူ့အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများကဲ့သို့သော အများပြည်သူဆိုင်ရာကဏ္ဍ၏ ပြင်ပရှိလူပုဂ္ဂိုလ် တစ်ဦးချင်းစီနှင့် အစုအဖွဲ့များမှ တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရေး မြှင့်တင်ဆောင်ရွက်ရန် သာမက လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားခြင်း တည်ရှိနေမှု၊ ယင်းကိုဖြစ်ပေါ်စေသည့် အကြောင်းများ၊ ယင်း၏ ဆိုးရွားပြင်းထန်မှုနှင့် ယင်းကိုဖြစ်ပေါ်စေသည့် ခြိမ်းခြောက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူသို့ အသိပညာပေးမှုများကို အားပေးမြှင့်တင်ရန်အတွက် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို မိမိနိုင်ငံရှိ ပြည်တွင်းဥပဒေများ၏ အခြေခံမူသဘောတရားများနှင့်အညီ တတ်နိုင်သည့်နည်းလမ်းများအရ လုပ်ဆောင်ရမည်။"ဟု သတ်မှတ်ပြဋ္ဌာန်းထားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်လာစေခြင်းကို ခိုင်မာအားကောင်းလာစေရန်အတွက် ဆောင်ရွက်ရမည့်အချက်များကိုလည်း သတ်မှတ်ဖော်ပြထားပါသည်။

### ပြည်သူတို့၏အခန်းကဏ္ဍ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဆိုသည်မှာ လိုအပ်သောကိရိယာတစ်ခုဖြစ်ပြီး ပြည်သူလူထုအနေဖြင့် အများပြည်သူအကျိုးဖြစ်ထွန်းရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နိုင်ရန်အတွက် အခွင့်အလမ်းများရရှိခြင်းလည်းဖြစ်သည်။ ပြည်သူလူထု ပူးပေါင်းပါဝင်လာစေခြင်း၏ အဓိကရည်ရွယ်ချက်များမှာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ သဘောထားအမှန်ကိုသိရှိ၍ ထည့်သွင်းနိုင်စေရန်၊ ပြည်သူလူထု၏ အတွေ့အကြုံ၊ ဗဟုသုတများကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များကို ထိရောက်ကောင်းမွန်စေရန်၊ တရားမျှတမှုနှင့် သာတူညီမျှရှိစေရေးအတွက် လူ့အဖွဲ့အစည်းမှ သဘောထားသံများကို ကြားသိနိုင်စေရန်၊ အများပြည်သူဆိုင်ရာဆုံးဖြတ်ချက် ချမှတ်မှုများ တရားဝင်မှုမြင့်မားစေရန်နှင့် လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများတွင် တက်ကြွစွာဆောင်ရွက်နေကြသော နိုင်ငံသားများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည်။ ၎င်းတို့သည် အဂတိလိုက်စားမှု ဖြစ်စဉ်များကို အလေးထားစောင့်ကြည့်ခြင်း၊ အဂတိလိုက်စားမှုများ အကြောင်းနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများ အား အခြားပြည်သူများသို့ လှုံ့ဆော်အသိပေးနိုင်ခြင်းနှင့် နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုများကို စောင့်ကြည့်အကဲဖြတ်ခြင်းများကို လုပ်ဆောင်ကြပါသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အဆိုပါ နိုင်ငံရေးအလွှာရှိ လူပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်သည့်အပြုအမူ၊ အမူအကျင့်များကို မွေးမြူသည့်အလေ့အထများ ဖြစ်ပေါ်စေပြီး ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်လာစေရေးတို့ကို ဦးတည်ဖြစ်ပေါ်စေပါသည်။

### ပြည်သူတို့၏တာဝန်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အခြားသော အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်သည့်ပုံစံနှင့်မတူညီဘဲ ကွဲပြားခြားနားပါသည်။ အဂတိလိုက်စားမှုသည် ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လွဲမှားစွာ အသုံးချမှုများ ဖြစ်ပေါ်စေခြင်းနှင့် တန်းတူအခွင့်အရေး မရရှိစေခြင်းများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် အစိုးရဝန်ထမ်းများ၏အပြုအမူ၊ အနေအထိုင်နှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို စောင့်ကြည့်ခြင်း၊ အဂတိလိုက်စားမှုနှင့် ဆက်နွှယ်နေသောပြစ်မှုများကို သတင်းပေးတိုင်ကြားခြင်းနှင့် သင့်လျော်သောအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာနည်းလမ်းများ ချမှတ်ဆောင်ရွက်ပေးရန် တောင်းဆိုမှုများပြုလုပ်ခြင်း စသည့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လုပ်ဆောင်မည့် ပြည်သူလူထု၏ အသိအမြင်ကျယ်ပြန့်မှုနှင့် လူမှုရေးဆိုင်ရာတာဝန်ယူမှုသည် အရေးကြီးပါသည်။

### ဆောင်ရွက်ရမည့်နည်းလမ်းများ

ပြည်သူတစ်ဦးချင်းစီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန်အတွက် အဂတိလိုက်စားမှုများကို သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းထံ သတင်းပို့တိုင်ကြားစေခြင်း သို့မဟုတ် သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ဖော်ပြောဆိုစေခြင်း၊ အဂတိလိုက်စားမှု လုံးဝမရှိစေရေးနှင့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် သင်တန်းများပေးခြင်း၊ စိတ်ဓာတ်နိုးကြားတက်ကြွစေမည့် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခြင်းများ စသည့် နည်းလမ်းများကို လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ နည်းပညာတိုးတက်လာနေသည့် ယနေ့ခေတ်တွင် အဂတိလိုက်စားမှုများကို သတင်းပေးတိုင်ကြားရာတွင် အွန်လိုင်းအသုံးပြု၍ အီးမေးလ်ဖြင့်သော်လည်းကောင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် SMS အသုံးပြု၍ဖြစ်စေ၊ Application အသုံးပြု၍ဖြစ်စေ အလွယ်တကူ တိုင်ကြားနိုင်ပြီဖြစ်သည်။ နိုင်ငံတကာရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ အနေဖြင့် Website များ တည်ထောင်၍ သတင်းပေးတိုင်ကြားခြင်းများကို လက်ခံရုံသာမက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးအတွက် အများပြည်သူ အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှုကိုထိထိရောက်ရောက် တိုက်ဖျက်နိုင်ရန်အတွက် ပြည်သူလူထု ပူးပေါင်းပါဝင်မှု ရှိလာစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုအနေဖြင့် တာဝန်သိစိတ်ဖြင့် တာဝန်ယူမှုရှိစေရေးသာမက ထိုသို့ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင်ဖြစ်လာစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

### ပြည်သူလူထု၏ မျှော်လင့်ချက်

လူ့အဖွဲ့အစည်း၊ နိုင်ငံများအလိုက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုပုံစံသည် ၎င်းတို့၏ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် နိုင်ငံရေးအခြေအနေပေါ်မူတည်၍ ကွဲပြားခြားနားလေ့ရှိသည်။ ပြည်သူလူထု၏ အစိုးရရုံးဌာနများအပေါ် မျှော်လင့်ထားသည့်အချက်မှာ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် ကျင့်ဝတ်နှင့် မလျော်ညီသည့် အပြုအမူများ မပြုလုပ်ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိရေးပင်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အစိုးရရုံးဌာနများအနေဖြင့်လည်း အများပြည်သူ၏ ယုံကြည်မှုကို ရရှိထိန်းသိမ်းရန် ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးရန်လိုအပ်သည်။ အစိုးရရုံးဌာနများအပေါ် ပြည်သူလူထု၏ယုံကြည်မှုများရရှိရန် ခက်ခက်ခဲခဲအချိန်ယူလုပ်ဆောင်ရသော်လည်း ယုံကြည်မှု ပျောက်ဆုံးရန်အတွက်မူ လွယ်ကူလှသည်ကို သတိပြုရမည်ဖြစ်သည်။ ပြည်သူလူထု၏ ယုံကြည်မှုပျောက်ဆုံးသွားလျှင် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်မှုများ လျော့နည်းသွားပြီး အဂတိလိုက်စားမှုများဆီသို့ ဦးတည်သွားနိုင်သည်။ ထိုနည်းတူစွာ အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများသည်လည်း အောင်မြင်နိုင်မှု နည်းပါးသွားနိုင်ပါသည်။

### အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု

တိုးတက်ပြောင်းလဲလာသော ယနေ့နည်းပညာခေတ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့အတွင်း ဖွဲ့စည်းထားခြင်းသာမဟုတ်ဘဲ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စသည့်အကြောင်းအရာများတွင် ၎င်းတို့အခန်းကဏ္ဍ၏ အရေးပါမှုတိုးလာပြီး အုပ်ချုပ်မှုဖြစ်စဉ်များအပေါ် လွှမ်းမိုးမှုရှိလာသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် သုတေသနပြုလုပ်ခြင်းများ၊ အဂတိလိုက်စားမှုဖြစ်ပွားနိုင်ခြေရှိသည်များကို စောင့်ကြည့်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း စသည့်နည်းလမ်းများစွာရှိသည်။

စာမျက်နှာ ၁၇ သို့ ❖

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း




“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နန်းယွန်းမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းနှင့် ပျိုးပင်၊ မျိုးစေ့များပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နန်းယွန်း ဇူလိုင် ၆**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲနှင့် ပျိုးပင်၊ မျိုးစေ့များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး



ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမြင့်က ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာ၊ ဝဥစိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာ၊ ရွှေ့ပြောင်းတောင်ယာမှ အခြေချလယ်ယာစနစ်သို့ ကူးပြောင်းခြင်းနှင့် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ တက်ရောက်လာကြသော သင်တန်းသားများအား ပျိုးပင်များလက်ဆောင်ပေးအပ်ရာတွင် ကော်ဖီ၊ မျောက်ငို၊ လက်ဖက်၊ သရက်၊ မက်မန်းနှင့် ထောပတ် စသည့်အပင်များကိုလည်းကောင်း၊ မျိုးစေ့များဖြန့်ဖြူးပေးအပ်ရာတွင် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ကော်ဖီစေ့၊ ဟင်းသီးဟင်းရွက်တို့ကိုလည်းကောင်း၊ မျိုးစေ့ချကိရိယာများကိုလည်းကောင်း ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

မွေးကြူဇင်




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

❖ စာမျက်နှာ ၁၆ မှ

အချို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများဖြင့် ရပ်တည်နေရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အလှူရှင်များအလိုကျ လိုက်ပါဆောင်ရွက်ခြင်းမျိုးများရှိနိုင်ပြီး ထိထိရောက်ရောက်လုပ်ဆောင်နိုင်ခြင်းမရှိသည်များ ဖြစ်နိုင်သည်။ ထိုသို့ အယောင်ပြအဂတိလိုက်စားမှု တိုက်ဖျက်ရေးအရပ်ဘက် လူမှုအဖွဲ့အစည်းများရှိနေခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် မှန်မှန်ကန်ကန်လုပ်ဆောင်နေသော အခြား အရပ်ဘက်လူမှုအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုများ လျော့နည်းကျဆင်းလာနိုင်သည်။

နိုင်ငံအများစုတွင် ရောဂါတစ်ခုကဲ့သို့ နှစ်ကာလကြာမြင့်စွာ အမြစ်တွယ်နေပြီး နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ဆုံးရှုံးနစ်နာမှုများကို ဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကို ပပျောက်သွားအောင် နိုင်ငံတော်မှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်မှုများတွင် ပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရာ၌ ထိရောက်အောင်မြင်မှုရှိစေရန်အတွက် နိုင်ငံတော်မှ ချမှတ်ပြဋ္ဌာန်းထားသော မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်ဝင်တစားအလေးထား ပါဝင်ဆောင်ရွက်ကြပါရန် ဆန္ဒပြုတိုက်တွန်းလိုက်ရပါသည်။ ။

(ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ထုတ်ဝေသော E4J University Module Series: Anit–Corruption မှ Anti – Corruption Module 10: Citizen Participation in Anti–Corruption Efforts တို့အား ကိုးကားပါသည်။)

■

# ဇူလိုင် ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၆၀၂ ဦးတွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၆-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၈၃၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၆၀၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၉၆,၂၁၇) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၇၁,၉၇၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၁၄) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၄၀,၃၈၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၅၂)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၅၁၃) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
## (၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၀၃၃) ခု | (၁၉၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၇) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၈၅) ခု | (၁၁၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၁၉) ခု | (၈၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၆) ခု | (၃) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၂၃) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၂) ခု | (၁၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၀) ခု | (၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၀၉) ခု | (၆၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၈၇၈) ခု | (၂,၄၁၇) ဦး |
| စုစုပေါင်း | (၁၂,၈၃၂) ခု | (၃,၆၀၂) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၉၈၄၉၁ | ၂၉၁၁၁၈၇၄ | ၆၂၁၃၃၇ |
| ၂။ | အိန္ဒိယ | ၃၀၆၄၆၅၅၂ | ၂၉၇၆၉၄၈၄ | ၄၀၃၇၀၀ |
| ၃။ | ဘရာဇီး | ၁၈၇၉၂၅၁၁ | ၁၇၁၅၁၆၇၃ | ၅၂၅၂၂၉ |
| ၄။ | ပြင်သစ် | ၅၇၈၆၉၉၉ | ၅၆၃၃၃၉၂ | ၁၁၁၁၉၇ |
| ၅။ | ရုရှား | ၅၆၅၈၆၇၂ | ၅၁၀၁၈၅၂ | ၁၃၉၃၁၆ |
| ၆။ | တူရကီ | ၅၄၄၉၄၆၄ | ၅၃၁၉၆၆၅ | ၄၉၉၅၉ |
| ၇။ | ဗြိတိန် | ၄၉၃၀၅၃၄ | ၄၃၃၇၈၂၁ | ၁၂၈၂၃၁ |
| ၈။ | အာဂျင်တီးနား | ၄၅၅၂၇၅၀ | ၄၁၇၅၈၅၆ | ၉၆၅၂၁ |
| ၉။ | ကိုလံဘီယာ | ၄၃၇၅၈၆၁ | ၄၀၇၆၀၁၃ | ၁၀၉၄၆၆ |
| ၁၀။ | အီတလီ | ၄၂၆၃၇၉၇ | ၄၀၉၂၅၈၆ | ၁၂၇၆၈၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၃၄၅၀၁၈ | ၁၉၅၈၅၅၃ | ၆၁၈၆၈ |
| ၂။ | ဖိလစ်ပိုင် | ၁၄၄၅၈၃၂ | ၁၃၇၀၉၂၃ | ၂၅၂၉၆ |
| ၃။ | မလေးရှား | ၇၉၂၆၉၃ | ၇၁၄၈၁၅ | ၅၆၇၇ |
| ၄။ | ထိုင်း | ၂၉၄၆၅၃ | ၂၂၇၀၂၃ | ၂၃၃၃ |
| ၅။ | မြန်မာ | ၁၇၁၉၇၆ | ၁၄၀၃၈၇ | ၃၅၁၃ |
| ၆။ | စင်ကာပူ | ၆၂၆၄၀ | ၆၂၂၉၉ | ၃၆ |
| ၇။ | ကမ္ဘောဒီးယား | ၅၆၁၂၂ | ၄၈၀၄၀ | ၇၇၉ |
| ၈။ | ဗီယက်နမ် | ၂၁၃၁၂ | ၈၀၂၂ | ၉၀ |
| ၉။ | လာအို | ၂၃၅၆ | ၂၁၀၄ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၆၆ | ၂၅၅ | ၃ |

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၆

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁)ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center) ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

သတင်းစဉ်



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန် နိုင်ငံတစ်ဝန်း၌ ပါးစပ်နှင့် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေ

ဖါးအံမြို့နယ်

အောင်မြင့်(ပြန်/ဆက်)

မင်္ဂလာဒုံမြို့နယ်

မျိုးသန့်(ပြန်/ဆက်)

ညောင်ရွှေမြို့နယ်

နေမျိုးသူရိန်

နောင်တရားမြို့

ခွန်အောင်(နောင်တရား)

ကျိုင်းတုံမြို့နယ်

ရဲထက်ဦး(ပြန်/ဆက်)

မြိတ်မြို့နယ်

ခိုင်ထူး(ပြန်/ဆက်)

တနိုင်းမြို့နယ်

ဝါဝါ(ပြန်/ဆက်)

# တန်ဖိုးရှိတဲ့လူ

**ထွန်းထွန်း(ခရေရိပ်)**

လူတစ်ယောက်ရဲ့တန်ဖိုးဟာ အဝတ်အစားကောင်းမွန်သစ်လွင်ပြီး အဖိုးတန်ဝတ်နိုင်တာနဲ့ မဆိုင်ပါဘူး။ လစာဝင်ငွေနည်းတာ၊ များတာနဲ့လည်း မဆိုင်ပါဘူး။ ချမ်းသာတာ၊ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ ရုပ်ချောတာ၊ အပြောကောင်းတာနဲ့လည်း မဆိုင်ဘူး။ ထင်ရှားကျော်ကြားတာနဲ့လည်း မဆိုင်ဘူး။ ဆက်စပ်ပတ်သက်သယောင် ထင်ရပေမယ့် တကယ်ကတော့ မဆိုင်လှပါဘူး။

**အနှစ်သာရရှိတဲ့လူ့တန်ဖိုး**

စင်စစ် အနှစ်သာရရှိတဲ့လူ့တန်ဖိုးကတော့ သူ့ရဲ့ကိုယ်ကျင့်တရား၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ အများအတွက်ကောင်းကျိုးဆောင်မှု မေတ္တာ၊ ဗြဟ္မစိုရ်တရား ဒီသုံးချက်ပဲဖြစ်ပါတယ်။ ကိုယ်ကျင့်တရားဟာ လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ ဂုဏ်တစ်ရပ်ဖြစ်ပါတယ်။ လူသားတိုင်း ရိုးသားဖြောင့်မတ်ဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့က အရေးကြီးပါတယ်။ ကိုယ်ကျင့်တရားဟာ ကောင်းကျိုးအားလုံးရဲ့ အရင်းခံရေသောက်မြစ်လို့ ဆိုလို့ရပါတယ်။

လူ့အဖွဲ့အစည်းတစ်ခုကို ကောင်းကျိုးပြုနိုင်ဖို့ အမြော်အမြင်ရှိတဲ့ ဉာဏ်ပညာက မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပါတယ်။

လောကလူသားတွေအတွက် ပစ္စုပ္ပန်ရော၊ နောင်အနာဂတ်မှာပါ ကောင်းကျိုးချမ်းသာတွေကို ဖြစ်ထွန်းစေတဲ့အရာဟာ အသိဉာဏ်ပညာဖြစ်တယ်လို့ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသက မိန့်ကြားခဲ့ပါတယ်။

**အသိဉာဏ်ပညာနဲ့ အမြော်အမြင်ရှိဖို့လို**

လူတစ်ယောက်မှာ ဆင်ခြင်ဉာဏ်၊ လေ့လာသင်ယူထားတဲ့ အသိပညာ၊ ဗဟုသုတနဲ့ တွေးခေါ်မြော်မြင်နိုင်တဲ့ ဉာဏ်ပညာသာ မရှိဘူးဆိုရင် 'အိပ်၊ စား၊ ကာမ' ဤသုံးဝပဲတတ်တဲ့ တိရစ္ဆာန်တွေနဲ့ ခြားနားမှာ မဟုတ်ပါဘူး။ လူတစ်ယောက်က အမှားကင်းပြီး လောကကိုအကျိုးပြုတဲ့ လူတစ်ယောက်အဖြစ် ရှင်သန်ရပ်တည်ချင်တယ်ဆိုရင်တော့ အသိဉာဏ်ပညာနဲ့ ရေရှည်ကို မြော်တွေးတတ်တဲ့အမြော်အမြင်ရှိဖို့ လိုအပ်ပါတယ်။

လူတွေရဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းနဲ့ ဉာဏ်ပညာတို့ ပေါင်းစပ်ကိုလည်း ပြစ်တင်ဝေဖန်ကဲ့ရဲ့ကြတာတွေကလည်း ဉာဏ်ပညာရဲ့ လွှမ်းမိုးနိုင်မှုအားနည်းတယ်လို့ ယူဆရပါတယ်။

ဆူပူအကြမ်းဖက်မှုတွေ၊ ဥပဒေမဲ့မီးရှို့၊ လူသတ်၊ မိုင်းထောင်၊ အုပ်စုဖွဲ့အနိုင်ကျင့်၊ အသေခံဗုံးခွဲစတဲ့ ကြမ်းတမ်းရက်စက်မှုတွေ၊ အစွန်းရောက်အကြမ်းဖက်ဝါဒတွေ ခေါင်းထောင်လာတယ်ဆိုတာဟာ လူသားတစ်ယောက်ရဲ့ အမှား၊ အမှန်ကို တွေးခေါ်မြော်မြင်နိုင်စွမ်း ဉာဏ်ပညာ ပျောက်ဆုံးသွားလို့ပဲ ဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားသူဟာ ကိုယ်တိုင်အတွက်သာမက သူ့ရဲ့မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်းတစ်ခုလုံးကို အကျိုးပြုစေနိုင်မှာ ဖြစ်ပါတယ်။

**မေတ္တာ၊ ဗြဟ္မစိုရ်တရားလိုအပ်**

ဒါ့အပြင် တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်ဖို့ဆိုရင် အများအတွက် ကောင်းကျိုးဆောင်မှု မေတ္တာ၊ ဗြဟ္မစိုရ်တရားလိုအပ်ပါတယ်။ အများနဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါ မိမိအကျိုးကို မမျှော်ကိုးဘဲ သူတစ်ပါးကို ကိုယ်စိတ်နှစ်ဖြာကြီးပွားချမ်းသာပျော်ရွှင်သာယာဖို့ ဆောင်ရွက်ပေးတာဟာ ဗုဒ္ဓဘုရားဟောကြားတဲ့ ဗြဟ္မစိုရ်တရား မေတ္တာဖြစ်ပါတယ်။

**တွေးခေါ်မြော်မြင်နိုင်မှု ဉာဏ်ပညာအားနည်းတဲ့အခါ အယူအဆတစ်ရပ်ရဲ့သွတ်သွင်းမှုကို အလွယ်တကူ ခံရနိုင်သလို ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းယုံကြည်တာ၊ မှီခိုအားကိုးတာတွေက အများကိုအမှန်ထင်ပြီး အစွန်းရောက်သွားစေနိုင်ပါတယ်။ ရဟန်း၊ သံဃာတွေကို စွပ်စွဲပြောဆိုတာ၊ ဂိုဏ်းခွဲတာ၊ မြင်းမိုရ်တောင်မက ကျေးဇူးကြီးလှတဲ့ ကျေးဇူးရှင်မိဘတွေကို ယုံကြည်ချက်မတူရုံနဲ့ မိခင်၊ ဖခင်အဖြစ်က ပြတ်စဲတဲ့လုပ်ရပ်တွေ အထိ ပြစ်မှားစော်ကားမိတတ်ကြ။**

ကိုယ်၊ နှုတ်ကို ယဉ်ကျေးအောင်ထိန်းကွပ်ပေးတဲ့ သက်ဆိုင်ရာကျင့်ဝတ်သီလတွေက ကိုယ်ကျင့်တရားဖြစ်ပါတယ်။ ကိုယ်ကျင့်တရားဟာ လူတစ်ယောက် နေ့စဉ်ပြုကျင့်နေတဲ့ အပြုအမူ၊ အကျင့်စရိုက်၊ စာရိတ္တ၊ ကျင့်ဝတ်၊ အလေ့အထတွေဖြစ်ပြီး ကိုယ်ကျင့်တရားရှိမှ ယဉ်ကျေးသူဖြစ်မယ်။ အများချစ်ခင်လေးစားမှာ ဖြစ်ပါတယ်။

ဘဝရဲ့အောင်မြင်မှုလျှို့ဝှက်ချက်ဟာ ကိုယ်ကျင့်တရားဆိုတာ သိမြင်နားလည်သူတွေဟာ အောင်မြင်ကြပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့မှာ ကောင်းကျိုးတွေခံစားရရှိခြင်းဟာ ကိုယ်ကျင့်တရားကို အခြေခံပါတယ်။ ကိုယ်ကျင့်တရားကို မွေးမြူတတ်ဖို့၊ ကိုယ်ကျင့်တရားကို ထိန်းသိမ်းတတ်ဖို့လိုပါတယ်။ ကိုယ်ကျင့်တရားကို မြှင့်တင်တတ်ဖို့ လိုပါတယ်။

အောင်မြင်သူ၊ ထင်ရှားကျော်ကြားသူအချို့ဟာ ရုတ်တရက် အောင်မြင်မှုတွေ ဆုံးရှုံးသွားတယ်၊ နာမည်တွေကျသွားတယ်၊ ပြိုလဲသွားတယ်ဆိုတာမျိုးတွေ ဖြစ်ကြတာကိုလည်း တွေ့ရတတ်ပါတယ်။ အဲဒါဟာ ကိုယ်ကျင့်တရားဆိုတဲ့တံတိုင်း မခိုင်မာလို့ ပြိုလဲခဲ့ရခြင်းဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝခြင်း ဆုံးရှုံးတဲ့အခါ ဘာမှဆုံးရှုံးမှုမရှိပါ။ ကျန်းမာရေးဆုံးရှုံးတဲ့အခါ တစ်စုံတစ်ခုကို ဆုံးရှုံးပါတယ်။ ကိုယ်ကျင့်တရား ဆုံးရှုံးပျက်စီးတဲ့အခါ ဘဝတစ်ခုလုံး ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်လို့ အတွေးအခေါ်ပညာရှင်ကြီး ဆိုကရေးတီးကဆိုခဲ့ဖူးပါတယ်။

တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ ကိုယ်ကျင့်တရားအပြင် အမြော်အမြင်ကြီးမားတဲ့ ဉာဏ်ပညာလည်း လိုအပ်ပါတယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးအမျိုးမျိုးသော သဘောတရားတို့ကို အထူးထူးအပြားပြားအားဖြင့် ထိုးထွင်းသိမြင်ခြင်းကို ဉာဏ်ပညာလို့ အနက်ဖွင့်ကြတာကိုလည်း မှတ်သားဖူးပါတယ်။

လိုက်တဲ့အခါ အင်မတန်ခက်ခဲနက်နဲလှတဲ့၊ အဖြေထုတ်ရန်မလွယ်ကူတဲ့ လောကပုစ္ဆာတွေကို အဖြေထုတ်နိုင်မှာ ဖြစ်ပါတယ်။ လူတွေအတွက် အကျိုးရှိနိုင်မယ့် တီထွင်ဖန်တီးမှုတွေကို လုပ်ဆောင်နိုင်မှာဖြစ်သလို အခက်အခဲ၊ စိန်ခေါ်မှုတွေကို အဖြေရှာကျော်လွှားနိုင်မှာဖြစ်ပါတယ်။

လူတွေရဲ့နေ့စဉ်ဘဝတွေမှာ အသိပညာ၊ ဉာဏ်အမြော်အမြင်၊ ပညာဗဟုသုတ၊ စဉ်းစားချင့်ချိန်နိုင်စွမ်းဆိုတဲ့စကားတွေကို နေ့စဉ်နဲ့အမျှ ကြားနေရပေမယ့် လိုက်နာကျင့်သုံးနိုင်ဖို့ ခဲယဉ်းတာကိုလည်း တွေ့ရပါတယ်။ လတ်တလောစိတ်ခံစားချက်ကို မထိန်းသိမ်းနိုင်တဲ့အတွက် အမှားတွေကိုပြုမိပြီး ဘဝလမ်းကြောင်းမဖြောင့်တန်းကြတာ၊ ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်ကြရတာကိုလည်း တွေ့မြင်နေရပါတယ်။

လောကမှာ အသိဉာဏ်အရှိဆုံးသတ္တဝါလို့ဆိုတဲ့ လူသားတွေ အသိဉာဏ်မဲ့သွားပြီဆိုရင် ဉာဏ်နည်းတဲ့တိရစ္ဆာန်တွေထက် ပိုကြောက်ဖို့ကောင်းသွားတတ်တယ်ဆိုတာကလည်း လူမှုဘဝတွေမှာ တွေ့ကြုံနေကြရတဲ့အဖြစ်အပျက်တွေက သက်သေခံလျက်ရှိနေပါတယ်။

**တွေးခေါ်မြော်မြင်နိုင်မှု ဉာဏ်ပညာအားနည်းတဲ့အခါ အယူအဆတစ်ရပ်ရဲ့ သွတ်သွင်းမှုကို အလွယ်တကူခံရနိုင်သလို ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းယုံကြည်တာ၊ မှီခိုအားကိုးတာတွေက အများကို အမှန်ထင်ပြီး အစွန်းရောက်သွားစေနိုင်ပါတယ်။ ရဟန်း၊ သံဃာတွေကို စွပ်စွဲပြောဆိုတာ၊ ဂိုဏ်းခွဲတာ၊ မြင်းမိုရ်တောင်မက ကျေးဇူးကြီးလှတဲ့ ကျေးဇူးရှင်မိဘတွေကို ယုံကြည်ချက်မတူရုံနဲ့ မိခင်၊ ဖခင်အဖြစ်က ပြတ်စဲတဲ့လုပ်ရပ်တွေအထိ ပြစ်မှားစော်ကားမိတတ်ကြပါတယ်။**

ထေရဝါဒဗုဒ္ဓသာသနာထွန်းကားတဲ့၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာအဆုံးအမတွေနဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ကြာအောင် တည်တံ့လာခဲ့တဲ့နိုင်ငံတစ်ခုမှာ အနန္တဂိုဏ်းဝင် ဆရာ ဆရာမတွေကိုလည်း ပြစ်တင်ဝေဖန်ကဲ့ရဲ့ကြတာတွေကလည်း ဉာဏ်ပညာရဲ့ လွှမ်းမိုးနိုင်မှုအားနည်းတယ်လို့ ယူဆရပါတယ်။

အမှန်တရားကို မြတ်နိုးကြသူတွေရဲ့ မေတ္တာနှလုံးသားတွေက အမှန်တကယ် အင်အားကြီးမားပါတယ်။ ရန်သူပင်ဖြစ်စေကာမူ မေတ္တာအစွမ်းနဲ့ အောင်နိုင်ခဲ့ပုံတွေက စာပေ၊ ကျမ်းဂန်၊ ပိဋကတ်တော်တွေမှာ များစွာရှိပါတယ်။ မေတ္တာစိတ်ဓာတ်ဟာ အလွန်မြင့်မြတ်တဲ့အတွက် မေတ္တာတရားထားသူဟာ ဂုဏ်သတင်းကျော်ကြားပြီး လူချစ်လူခင်ပေါ်များမယ်။ အားလုံးရဲ့ချစ်ခင်မှု၊ ကူညီစောင့်ရှောက်မှုကိုလည်း ရရှိတတ်ပါတယ်။ မေတ္တာတရားနဲ့ ပြည့်ဝခြင်းကြောင့် လုပ်ကိုင်သမျှ အောင်မြင်တိုးတက်မှာဖြစ်ပါတယ်။

ဒါကြောင့် လူတစ်ယောက်ရဲ့တန်ဖိုးကို ကိုယ်ကျင့်တရား၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ အများအတွက်ကောင်းကျိုးဆောင်မှု မေတ္တာ၊ ဗြဟ္မစိုရ်တရားဆိုတဲ့ စံပေတံတွေနဲ့တိုင်းတာပြီး တန်ဖိုးဖြတ်သတ်မှတ်နိုင်မှာဖြစ်ပါတယ်။

ကိုယ်ကျင့်တရားကောင်းသူ၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ ပြည့်ဝသူ၊ အများအတွက် ကောင်းကျိုးဆောင်မှုမေတ္တာ၊ ဗြဟ္မစိုရ်တရားထားသူတွေရဲ့ အတွေးအခေါ် (အကြံအစည်)၊ အပြောအဆို (စကား)၊ အပြုအမူ (ဆောင်ရွက်ချက်)၊ အလုပ်တွေဟာ အတ္တ၊ ပရ ညီညွတ်မျှတပြီး လောကကို ကောင်းကျိုးဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ငြိမ်းချမ်းသာယာပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်ထွန်းဖို့၊ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာမှာ ကောင်းကျိုးတွေရရှိစေဖို့ တန်ဖိုးရှိအောင်စဉ်းစားပါ။ တန်ဖိုးရှိအောင် ပြောဆိုပါ။ တန်ဖိုးရှိအောင် လုပ်ပါ။ ဒါဆိုရင်တော့ တန်ဖိုးရှိတဲ့လူဖြစ်လာမှာ မလွဲကေန်ပါ။ တန်ဖိုးရှိတဲ့လူတစ်ယောက်အဖြစ် လောကကိုအလှဆင်နိုင်ကြပါစေ။ ။

**လူတစ်ယောက်ရဲ့တန်ဖိုးကို ကိုယ်ကျင့်တရား၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ အများအတွက် ကောင်းကျိုးဆောင်မှုမေတ္တာ၊ ဗြဟ္မစိုရ်တရားဆိုတဲ့ စံပေတံတွေနဲ့တိုင်းတာပြီး တန်ဖိုးဖြတ်သတ်မှတ်နိုင်မှာဖြစ်။**

---

**❖ သက်ထားသူဇာမှ**

အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမားစုစုပေါင်း ၄၃ ဦး ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရည်စစ်ပွဲအောင်မြင်သူများအပြင် တိုက်ကြီးများအလိုက် သက်ဆိုင်ရာအိုလံပစ်ကော်မတီများ၏ တင်ပြမှုကြောင့်ရွေးချယ်ခံရသည့် ကစားသမားအချို့လည်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းတို့မှ နှစ်ဦးစီ၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ ကနေဒါ၊ အမေရိကန်၊ ဒိန်းမတ်၊ ရုရှား၊ ဂရိတ်ဗြိတိန်၊ မလေးရှား၊ တူရကီ၊ ဟောင်ကောင်၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဗီယက်နမ်၊ ဆွစ်ဇာလန်၊ အစ္စရေး၊ အက်စ်တိုးနီးယား၊ မြန်မာ၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား၊ ဩစတြေးလျ၊ ပီရူး၊ နိုင်ဂျီးရီးယား၊ ဆလိုဗက်ကီးယား၊ ဘရာဇီးလ်၊ မက္ကဆီကို၊ ပါကစ္စတန်၊ မော်လ်ဒိုက်၊ ယူကရိန်း၊ စပိန်၊ အီဂျစ်၊ အီရန်၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဂွါတီမာလာတို့မှ တစ်ဦးစီ ယှဉ်ပြိုင်ခွင့်ရရှိထားသည်။ အိုလံပစ်အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သက်ထားသူဇာသည် အိုလံပစ်ဝင်ခွင့် လက်ရည်စစ်ပွဲကာလအတွင်း စုစုပေါင်းပြိုင်ပွဲ ၁၅ ခု ယှဉ်ပြိုင်ခဲ့ပြီး ရမှတ် ၂၃၆၅၀ ရရှိခဲ့သည်။ သက်ထားသူဇာသည် ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်အထိသာ ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရပြီး ယင်းနောက်ပိုင်း ပြိုင်ပွဲများ မယှဉ်ပြိုင်ရ သည်မှာ တစ်နှစ်ကျော်ကြာမြင့်နေပြီဖြစ်သည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-သက်ထားသူဇာ Facebook**

**❒ ကျောဖုံးမှ**

ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကို ရှစ်ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့တဲ့ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာဟာ ကွာတားဖိုင်နယ်အဆင့်မှာ ရုရှားတင်းနစ်ကစားသမား မက်ဗီဒက်ဗ် ဒါမှမဟုတ် ပိုလန်တင်းနစ်ကစားသမား ဟူဘာ့ဟာကက်ဇ်နဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ဆားဘီးယား တင်းနစ်အကျော်အမော် ဂျိုကိုဗစ်ကတော့ ကွာတားဖိုင်နယ်အဆင့်မှာ ဟန်ဂေရီ တင်းနစ်ကစားသမား ဖူဆိုဗစ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဖူဆိုဗစ်ဟာ ရုရှားတင်းနစ်ကစားသမား အန်ဒရီရှုဘလက်ဗ်ကို အနိုင်ရရှိကာ ဝင်ဘယ်ဒန် တင်းနစ်ဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်




(၅-၇-၂၀၁၂ မှ အဆက်)

- ၆ -

ကားလေးက တရိပ်ရိပ် ပြေးလွှားနေသဖြင့် ပတ်ဝန်းကျင်ကို အတွေးစဖြတ်၍ လှမ်းကြည့်လိုက်သောအခါ ထောက်ကြန့် စစ်သင်္ချိုင်းရှေ့ ရောက်နေသည်ကို လှမ်းမြင်ရ၏။

ယခုအခါ အပန်းဖြေဥယျာဉ် ဖြစ်နေပြီဖြစ်သော တစ်ချိန်က အောင်လံထူ စစ်သည်တို့၏ လဲလျောင်းရာနေရာကို အမှတ်တမဲ့သာ ကြည့်ရှုလိုက်မိ၏။

ခုခါမှာတော့ သက်သက်ဘက်က အထွေအထူး ထပ်ပြီး စဉ်းစားစရာကို မလိုတော့။ နိုင်လင်းထံမှ သက်သက်လိုရာ ဆုတွေလည်း ပန်ခဲ့ပြီ။ သည့်အတွက် သက်သက်ဘက်က ပေးစရာ ကတိကဝတ်အားလုံးလည်း ပေးခဲ့ပြီးပြီ။

စာမေးပွဲဖြေပြီးတာနှင့် သက်သက် နိုင်လင်းကို လက်ထပ်ရန်သာ ရှိတော့သည်။ စာမေးပွဲကလည်း ရက်ပိုင်းမျှသာ လိုတော့၏။

စိန်ပန်းပွင့်ချိန် တစ်ရာသီအတွင်းမှာပင် သက်သက် ဘဝလည်း တစ်ဆစ်ချိုးခဲ့ပြီ။

ကျောင်းမှာသင်ရသော စီးပွားရေးအတွက်အချက်ပညာနှင့် အကျုံးမဝင်သော်လည်း သက်သက် တွက်ကြည့်သော သင်္ချာဂဏန်းများအရ သက်သက်ရှုံးတာတော့ မရှုံးဟု ကိုယ့်ကိုယ်ကိုယ် ဖြေတွေးသည်။

လွန်ခဲ့သော ရက်ပေါင်းများစွာကပင် ထိုကိန်းဂဏန်းများကို သက်သက် သေချာတွက်ချက်ခဲ့သည်။

သည်အကြောင်း များကိုလည်း သက်သက် ထပ်ပြောပြချင်သေး၏။

x x x x x

"မဖြစ်နိုင်ဘူး ကိုနိုင်၊ သက်သက် ကိုနိုင့်ကို သံယောဇဉ်မရှိလို့ ဒီလိုငြင်းနေတာ မဟုတ်ဘူး။ ဒါပေမဲ့ ကိုနိုင် စဉ်းစားကြည့်၊ ကိုနိုင့်အတွက်လည်း အိမ်ထောင်ရေးမှာ ပြဿနာတွေ အများကြီး တက်လာနိုင်တယ်။ သက်သက်လည်း ပတ်ဝန်းကျင်မှာ သူများ အငယ်အနှောင်းဘဝနဲ့ မျက်နှာငယ်ငယ် နေရမယ့်ကိစ္စ"

နိုင်လင်း အားတက်သရောဖြင့် ခေါင်းခါရင်း

"မဟုတ်ဘူး သက်သက်၊ သက်သက်ကို အငယ်အနှောင်း အနေနဲ့ထားဖို့ ကိုနိုင် လက်ထပ်ခိုင်းနေတာ မဟုတ်ပါဘူး။ သက်သက်နဲ့ ပတ်သက်လို့ ကိုယ့်ဘက်က အရာရာကို ပြုပြင်ပြောင်းလဲပစ်ဖို့လည်း စဉ်းစားပြီးသား။ ပြီးတော့ သက်သက်လုံးဝ မျက်နှာမငယ်စေရပါဘူး။ ကိုနိုင် ဘဝသစ်တစ်ခုမှာ သက်သက် တစ်ယောက်ပဲ ကိုယ့်အိမ်ထောင်အနေနဲ့ ရှိနေရမှာပါ"

"ဘာလဲ ကိုနိုင်၊ မမဦးကို ကွာမယ်လို့ ပြောနေတာလား"

"သက်သက် ဖြစ်စေချင်ရင် အဲဒီလိုပဲဖြစ်ရမှာပေါ့ သက်သက်"

" အို.. သက်သက် ဖြစ်စေချင်တယ်လို့ မပြောနဲ့လေ။ ဒီကိစ္စကို သက်သက်က စပြောနေတာမှ မဟုတ်တာ"

"အင်း.. အင်း... ကိုယ်မှားသွားလို့ပါ။ ကိုယ်လည်း ဆုံးဖြတ်ပြီးသားပါ သက်သက်။ ကိုယ့်သဘောနဲ့ကိုယ် မမဦးကို ကိုယ်ကွာကွာရှင်းရှင်း လုပ်ပါ့မယ်။ ကိုယ် လွတ်လွတ်လပ်လပ် ဖြစ်သွားပြီးမှ သက်သက်ကို ကိုယ်လက်ထပ်မှာပါ"

"သက်သက်အတွက်ကော ဘယ်လို စီစဉ်ပေးမှာလဲ"

"ဒါတော့ ဘာမှမပူပါနဲ့ သက်သက်။ သက်သက်အတွက် အကောင်းဆုံးဖြစ်အောင် ကိုယ်စီစဉ်ပေးမယ်။ ကိုယ်လည်း မမဦးနဲ့ နေမှာမှ မဟုတ်တော့ဘဲ သက်သက်နဲ့ အတူနေဖို့ တိုက်လေးတစ်လုံး သက်သက်နာမည်နဲ့ ဝယ်ပေးမယ်။ အခု ကိုယ်စီးနေတဲ့ ကားကလည်း သက်သက်ပဲရမှာပေါ့...။ ဒါတွေ မပူပါနဲ့ သက်သက်ရယ်...။ သက်သက်ဖြစ်ချင်တာအားလုံးဖြစ်ဖို့အတွက် ကိုယ့်မှာ ငွေကြေးအလုံအလောက် ရှိပါတယ်။ အရေးကြီးတာက သက်သက်နဲ့ တစ်သက်လုံး အတူနေသွားရပြီး ကိုယ့်ဘဝတစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင်ဖြစ်ချင်တာပါပဲ"

"အင်းလေ ဒါဆိုရင်တော့ ကိုနိုင်သဘောပေါ့။ သက်သက်ဘက်ကတော့ ဘာတစ်ခုမှ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်မပြောဘူးနော်။ ကိုနိုင် စိတ်ချမ်းသာစေချင်တာ တစ်ခုပဲရှိတာ။ တော်ကြာ သက်သက်ကို ဘာမက်လို့ ညာမက်လို့ ဆိုတာမျိုးတွေ မပြောနဲ့"

"ယုံပါတယ် သက်သက်ရယ်၊ ကျန်တဲ့ ကိစ္စတွေက ကိုယ့်တာဝန်နဲ့ ကိုယ်ပါ။ သက်သက်ကို ကိုယ်ဘယ်တော့လက်ထပ်ရမလဲဟင်"

"သက်သက် ကျောင်းပြီးအောင်တော့ တက်ချင်တယ်ကိုနိုင်။ စာမေးပွဲကလည်း သိပ်မှ မဝေးတော့တာ။ ဒီကြားထဲမှာ ကိုနိုင် စီစဉ်စရာရှိတာ စီစဉ်ပေါ့ "

နိုင်လင်းမျက်နှာ ဝင်းလက်တောက်ပသွားသည်။

ခဏကြာသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ရွှင်ရွှင်လန်းလန်းလေး ပြုံးလိုက်ကြ၏။

x x x x x

ရွှေးရင်း ရွှေးရင်းနှင့် အင်းစိန် စော်ဘွားကြီးကုန်း ဆေးဝက်ပါဘုရားအနီးရှိ တစ်ထပ်တိုက်လေးကို သက်သက် သဘောကျသွားသည်။

ဆင်ခြေဖုံးဒေသမို့ ဈေးကလည်း သိပ်မများ။ တွေ့တွေ့ဆိုင်ဆိုင် စကားပြောသည့်အခါ သုံးသိန်းနှင့် အရောင်းအဝယ်ဖြစ်သွားသည်။ ခြံလေးကလည်း မဆိုး။ (၇၅)ပေ ပေ(၁၀၀)ကွက်လေးမို့ သူ့အိမ်လေးနှင့် အနေတော်လောက် ဖြစ်နေသည်။

ငွေအပြီးအပြတ်ချေရန် ဆယ်ရက်သာ ချိန်းခဲ့ပြီး ငွေကျေချေသောအခါ စာချုပ်စာတမ်းများအားလုံးကို သက်သက် နာမည်ဖြင့်ပင် ချုပ်ဆိုသည်။ ထိုနေ့က အဆောင်ကိုအပြန်မှာပင် သက်သက် အပျိုဘဝနှင့် သုံးသိန်းတန်အိမ်တစ်လုံး လက်ဝယ်ပိုင်ဆိုင်ပြီး ဖြစ်နေ၏။

အပြန်မှာ နိုင်လင်းက သူ့အနေအထားကို သေချာရှင်းပြသည်။

"ဒီငွေကတော့ ကိုယ့်နာမည်နဲ့ကိုယ် ဘဏ်မှာ သပ်သပ်အပ်ထားတဲ့ငွေဆိုတော့ ဘာမှ ပြဿနာမရှိပါဘူး သက်သက်။ တစ်ခုပဲရှိတယ်။ မမဦးကို ကိုယ်ဘာမှ မပြောရသေးဘူး။ ကိုယ်တို့ဘက်က စီစဉ်စရာရှိတာတွေ အပြီးအပြတ် စီစဉ်ပြီးမှ ဖွင့်ပြောလိုက်မယ်လို့ ဆုံးဖြတ်ထားတယ်။ ဒီတစ်ရက်၊ နှစ်ရက်အတွင်း ကိုယ်ဖွင့်ပြောလိုက်တော့မှာပါ။ အဲဒီအခါကျတော့ သူရသင့်တာ၊ ကိုယ်ရသင့်တာတွေလည်း ခွဲရဝေရဦးမှာပေါ့ "

" မမဦး ဘာပြောမလဲ မသိဘူးနော်"

"မပြောတတ်သေးဘူး သက်သက်၊ ကြားကြားချင်း အဘွားကြီး ဒေါကန်မှာတော့ သေချာတယ်။ ထားလိုက်ပါလေ၊ ဒါက ကိုယ့်ကိစ္စပါ။ ကိုယ့်ဟာကိုယ် ကြည့်လုပ်ပါမယ်။ ဒါနဲ့ မနက်ဖြန်ကျရင် ကိုယ်တို့နှစ်ယောက် ပဲခူးဘုရားဖူးသွားရအောင်။ ဒီနေ့ကိစ္စ အောင်မြင်တဲ့ အထိမ်းအမှတ်ပေါ့"

သက်သက် ခေါင်းညိတ်သည်။

ဤနည်းဖြင့် သည်နေ့ သူတို့နှစ်ယောက် ကားတစ်စီးနှင့် ပဲခူးဘုရားဖူးထွက်လာကြခြင်း ဖြစ်သည်။

ခုထိတော့ နိုင်လင်းထံမှ စကားရှည်ရှည်ဝေးဝေး မကြားရသေး။ ရန်ကုန်က ထွက်စကတော့ စကားတစ်ခွန်း စထားသည်။

"ဒီနေ့ သက်သက်ကို ပြောစရာစကားတွေ အများကြီးရှိတယ်။ ပဲခူးကျမှ ပြောပြတော့မယ် "

သို့အတွက် သက်သက် သည်လောက် စဉ်းစားနေရခြင်းဖြစ်၏။

x x x x x

(ဆက်လက်ဖော်ပြပါမည်)

**"အင်းလေ ဒါဆိုရင်တော့ ကိုနိုင်သဘောပေါ့။ သက်သက်ဘက်ကတော့ ဘာတစ်ခုမှ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ် မပြောဘူးနော်။ ကိုနိုင် စိတ်ချမ်းသာစေချင်တာ တစ်ခုပဲရှိတာ။ တော်ကြာ သက်သက်ကို ဘာမက်လို့ ညာမက်လို့ ဆိုတာမျိုးတွေ မပြောနဲ့"**

(ဆရာနှမ်းဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

## ဒေသန္တာရမျိုးကောင်းမျိုးသန့်များ ထောက်ပံ့

ကျိုင်းတုံ ဇူလိုင် ၆

ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီဌာနမှ ထောက်ပံ့သည့် ဒေသန္တာရ မျိုးကောင်းမျိုးသန့် ၁၀ ကောင်ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ကျိုင်းတုံခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးနိုင်က ဒေသအတွင်း မျိုးကောင်းမျိုးသန့် နွားများတိုးပွားရေး၊ မွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် ဝမ်မောက်ကျေးရွာမှ မွေးမြူရေး စိတ်ဝင်စားသည့် အိမ်ထောင်စု ၁၀ စုအတွက် တစ်အိမ်ထောင်စုလျှင် ဒေသန္တာရအမ တစ်ကောင်စီ ထောက်ပံ့ပေးအပ်သည်။

ဒေသန္တာရမွေးမြူခွင့်ရရှိသူများသည် သုံးနှစ်ပြည့်ပြီးပါက အဆိုပါကျေးရွာမှ နွားမွေးမြူလိုသည့်သူများကို မူလနွားအရွယ်အစားအတိုင်း ဆက်လက်ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းသားများအား သင်တန်းပို့ချ

မြစ်ကြီးနား ဇူလိုင် ၆

စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းသားများအား အသက်မွေးဝမ်းကျောင်းပညာဖြစ်သည့် ဆိုင်ကယ်ပြုပြင်သင်တန်းကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ အလယ်ကုန်းရပ်ကွက် ပြန်လည်ထူထောင်ရေးစခန်း၌ ဖွင့်လှစ်သည်။

ဆိုင်ကယ်အင်ဂျင် ပြုပြင်နည်းနှင့် ဆိုင်ကယ်ဝါယာရိန်းပြုပြင်နည်းပညာများကို တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ကချင်ပြည်နယ် ပြန်လည်ထူထောင်ရေးစခန်းအနေဖြင့် မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းသားများအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ယော်ဆောင်**


# ပွင့်ဖြူမြို့နယ်၌ မိုးစပါးနှင့် အခြားမိုးသီးနှံ စိုက်ပျိုးဧက ၉၀၉၈၇ ဧက လျာထား စိုက်ပျိုးသွားမည်

**ပွင့်ဖြူ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၁ - ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံနှင့် အခြားမိုးသီးနှံစိုက်ပျိုးဧက ၉၀၉၈၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ သီးနှံစိုက်ပျိုးမှုစာရင်းများအရ သိရသည်။

**အများဆုံး**

ပွင့်ဖြူမြို့နယ်သည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် နှစ်စဉ် စပါးသီးနှံစိုက်ပျိုးမှု အများဆုံးဖြစ်သည့် မြို့နယ်တစ်ခုဖြစ်ကာ ဒေသခံပြည်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် (နွေ၊ မိုး၊ ဆောင်း) သုံးရာသီ သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အဓိက အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ သီးနှံများစိုက်ပျိုးရာတွင် တောင်သူများ စိုက်ပျိုးရေ အခက်အခဲမဖြစ်စေရေး အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် ရာသီအလိုက် စိုက်ပျိုးရေအား စနစ်တကျ ဖြန့်ဝေပေးသည့်အတွက် တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ကဏ္ဍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။




ယခု ၂၀၂၁ - ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ မိုးစပါးသီးနှံဧက ၆၈၇၈၃ ဧက၊ ဖူးစားပြောင်း ဧက ၉၀၀၊ နှံစားပြောင်း ၁၆၆ ဧက၊ ပဲတီစိမ်း ၂၉၇၇ ဧက၊ ပဲစင်းငုံ ၆၁၁ ဧက၊ ပဲကြီး ၁၆၄၆ ဧက၊ အခြားပဲသီးနှံ ၆၇၁ ဧက၊ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၄၂၉ ဧက၊ နှမ်း ၂၄၄၈ ဧက၊ နေကြာ ၁၅၈ ဧက၊ ဝါသီးနှံ ၁၄၅၈ ဧက၊ ကြံသီးနှံ ၈ ဧက၊ ထန်း ၂၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ ငရုတ် ၅၆၄ ဧက၊ အုန်း ဧက ၁၇၀၊ ငှက်ပျော ဧက ၁၀၂၀၊ သစ်သီးပင် ၁၃၄၃ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၁၃၁၀၊ ပရဆေးစိုက်ပျိုးဧက ၂၅၇ ဧက၊ ကျွဲ၊ နွား တိရစ္ဆာန် အစာ ၄၃၈၁ ဧက၊ ဥယျာဉ်ခြံစိုက်ပျိုးမှု ၈၂၃ ဧကနှင့် အခြား စားပင်သီးနှံ ဧက ၅၉၀ စုစုပေါင်း မိုးသီးနှံစိုက်ပျိုးဧက ၉၀၉၈၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယနေ့အထိ မိုးသီးနှံစိုက်ပျိုး ပြီးစီးမှုအနေဖြင့် ၁၉၃၄၇ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)



# ဇီးကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သားငါးနှင့် ကုန်စိမ်းသည်များအား ယာယီဈေးသို့ ပြောင်းရွှေ့ရောင်းချ

**ဇီးကုန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု တွေ့ရှိလာသဖြင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သားငါးနှင့် ကုန်စိမ်းသည်များအား ယနေ့ နံနက်ပိုင်းမှစတင်၍ ယာယီဈေးသို့ ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချစေခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးကြီးအတွင်း ရောင်းချနေသော မှတ်ပုံတင်အမည်ပေါက်ဈေးဆိုင်ခန်းများမှလွဲ၍ ကျန်သားငါးနှင့် ဟင်းသီးဟင်းရွက် ကုန်စိမ်းသည်များအား အမှတ်(၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ယာယီဈေးသို့ ပြောင်းရွှေ့ခဲ့ပြီး အဆိုပါဈေးအား နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိသာ ဖွင့်လှစ်ခွင့်ပြုကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## သတိပြုကာကွယ် မှိုဆိပ်အန္တရာယ် (မြန်မာဘာသာ)


မှိုများတွင် အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသော မှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာပြင်းထန်စွာအဆိပ်သင့်စေ၍အသက်ဆုံးရှုံးစေသည်အထိဖြစ်နိုင်ပါသည်။

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**


မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း


မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း


မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း


ထီးရွက်အောက်ပါးဟက်များဖြူခြင်း


မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း


အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ -** မှိုစားပြီး မိနစ် (၂၀)မှ (၄)နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့် အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မိမိမသိသော/ မစားဖူးသောမှိုမျိုးကိုမစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်း လုံးဝ မပြုပါနှင့်။

**မှိုဆိပ်သင့်လက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာဆေးရုံ/ ကျန်မာရေးဌာနသို့ ချက်ချင်း ပို့ဆောင်၍ ကုသမှုခံယူပါ။**

Reference: North American Mycological association. Mushroom Poisoning Syndromes
၂၀၂၁ခုနှစ်၊ ဇွန်လ

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## "မိုးရာသီကာလအတွင်း အဖြစ်များသည့် ရာသီတုပ်ကွေးရောဂါ မိမိကစ၍ကာကွယ်ပါ"

ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။

**ရာသီတုပ်ကွေးရောဂါ၏လက္ခဏာများမှာ-** ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်းတို့ဖြစ်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်းပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ပါ၊
- နှာချေ၊ ချောင်းဆိုးပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း လက်ကို ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ (သို့မဟုတ်) အယ်ကိုဟောလ်အနည်းဆုံး(၆၀%)ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ယခုအချိန်ကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားချိန်လည်းဖြစ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အိမ်အပြင်ထွက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို စနစ်တကျဆေးခြင်း၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ အလုံပိတ်အခန်းများ/ လေဝင်လေထွက် မကောင်းသည့်အခန်းများအား ရှောင်ကြဉ်ခြင်းတို့သည် ရာသီတုပ်ကွေးရောဂါကိုလည်း ထိရောက်စွာကာကွယ်နိုင်ပါသည်။
- လုံလောက်စွာအနားယူပြီး အာဟာရပြည့်ဝသည့်အစားအစာများစားသုံးပါ၊ အိပ်ရေးဝအောင်အိပ်ပါ။
- ရာသီတုပ်ကွေးရောဂါကို ပြင်းထန်စွာခံစားရနိုင်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ရောဂါကူးစက်မှုခံရနိုင်ခြေ များပြားသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နှစ်စဉ် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံမှုကို ခံယူပါ။

**ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင် စောစီးစွာကုသမှုခံယူပါ။**

၂၀၂၁ ခုနှစ်၊ ဇွန်လ

○ မြန်မာအသင်းမှ

အဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲပထမအဆင့်ကို ၂၀၂၁ ဩဂုတ် ၁၄ ရက်မှ ၂၂ ရက်၊ ဒုတိယအဆင့်ကို နိုဝင်ဘာ ၃ ရက်မှ ၇ ရက်၊ ပြိုင်ပွဲနောက်ဆုံးအဆင့်ကို ၂၀၂၂ ဧပြီ ၄ ရက်မှ ၁၇ ရက်၊ ၂၀၂၂ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို ၂၀၂၁ စက်တင်ဘာ ၁၈ ရက်မှ ၂၆ ရက်၊ ဒုတိယအဆင့်ကို ၂၀၂၁ ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်၊ ပြိုင်ပွဲနောက်ဆုံးအဆင့်ကို ၂၀၂၂ မေ ၉ ရက်မှ ၂၂ ရက်အထိ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခင်က ယခုနှစ် မတ်လနှင့် ဧပြီလတွင် ပြုလုပ်ရန် လျာထားသော်လည်း နောက်ဆုတ်ခဲ့ရပြီး သတ်မှတ်ထားသည့်ရက်တွင် ကျင်းပရန်မဖြစ်နိုင်သဖြင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာ ယူ-၁၇ နှင့် ယူ-၂၀ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာရှဖလားခြေစစ်ပွဲ ပထမအဆင့်အုပ်စုပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်အထိ အာရှယူ-၁၉ အမျိုးသမီးပြိုင်ပွဲနှင့် အာရှယူ-၁၆ အမျိုးသမီးပြိုင်ပွဲအမည်ဖြင့်သာ ကျင်းပခဲ့သော်လည်း လာမည့်ပြိုင်ပွဲမှစတင်ကာ ပြိုင်ပွဲအမည်၊ သက်တမ်းနှင့် ကျင်းပမည့်ခုနှစ်များ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား ယူ-၁၇ နှင့် ယူ-၂၀ အမျိုးသမီးပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိသော်လည်း ၂၀၂၄ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ ယူ-၁၇ အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းတို့ကို တာဝန်ပေးထားသည်။ ယင်းနှစ်သင်းစလုံးသည် ပြီးခဲ့သည့် နှစ်ဆန်းပိုင်းကတည်းက လေ့ကျင့်မှု ရပ်နားထားရသည်မှာ တစ်နှစ်ခွဲကျော်ကြာမြင့်နေပြီဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**



၂၀၁၉ အာရှ ယူ-၁၉ ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် မြန်မာနှင့် ဂျပန်အသင်း တွေ့ဆုံခဲ့စဉ်။




## "သပြေ-ရေဒီယို" ရေဒီယိုအစီအစဉ်အသစ် ဇူလိုင် ၁၁ ရက်မှ စတင်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၆**

"သပြေ-ရေဒီယို" ရေဒီယိုအစီအစဉ်အသစ်ကို မြန်မာနိုင်ငံအလယ်ပိုင်းတွင် MW 711 KHz နှင့် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် FM 99.6 MHz တို့ဖြင့် ဇူလိုင် ၁၁ ရက်မှ စတင်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါရေဒီယိုအစီအစဉ်တွင် သတင်းတု၊ သတင်းမှားများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည့် သတင်းမှန်ပြန်ကြားခြင်းကဏ္ဍ၊ သတင်းဆောင်းပါးအစီအစဉ်နှင့် ဆွေးနွေးခန်းများ၊ သပြေတို့အရွယ် လူငယ်ကဏ္ဍ၊ မှတ်သားဖွယ်ရာ သုတကမ္ဘာ၊ မေးစရာ အတွေးကမ္ဘာ၊ သိလိုရာမေး ကျန်းမာရေး၊ မြန်မာပြည် အလှရှုမဝ၊ အလိမ္မာ စာမှာရှိ၊ သူ့အမြင် သူ့အတွေးကဏ္ဍ၊ သပြေရေဒီယို တေးချိုချို၊ ရွှင်မြူးဟစ်ကြွေး ခေတ်ပေါ်တေးများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးသီချင်းများ စသည့်ကဏ္ဍမျိုးစုံဖြင့် နေ့စဉ်နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် ညနေ ၄ နာရီမှ ည ၉ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ

## ပွဲဦးထွက်ရုပ်ရှင်အတွက် ပြင်ဆင်နေတဲ့ ဟန်ဆိုဟီး



တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ဟန်ဆိုဟီးဟာ ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် အများရဲ့ အသိအမှတ်ပြုမှုကိုရရှိခဲ့တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာတော့ သူဟာ ပထမဆုံးသော ရုပ်ရှင်ကို လက်ခံရိုက်ကူးဖို့ရာ ဆွေးနွေးမှုတွေ လုပ်ဆောင်နေကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟန်ဆိုဟီးအနေနဲ့ Gentleman လို့ အမည်ပေးထားတဲ့ ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ဇူလိုင် ၆ ရက်မှာ သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။ ဟန်ဆိုဟီးဟာ အဆိုပါရုပ်ရှင်မှာ အဓိကအမျိုးသမီးဇာတ်ဆောင်အဖြစ် ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံထားရတာဖြစ်ပြီး ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသားအဖြစ် ဂျူဂျီဟွန်းက ပါဝင်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ ရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို လာမယ့် ဩဂုတ်လအတွင်း စတင်သွားမှာလည်း ဖြစ်ပါတယ်။ လက်ရှိမှာ ဟန်ဆိုဟီးဟာ JTBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင် Nevertheless မှာ ပါဝင်သရုပ်ဆောင်လျက်ရှိကြောင်း သိရပါတယ်။



## လက်ထပ်လိုက်ပြီဖြစ်တဲ့ ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂွမ်စတက်ဖန်နီ

ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂွမ်စတစ်ဖန်နီတို့ဟာ ချစ်သူတွေအဖြစ် နှစ်အတော်ကြာ လက်တွဲလာခဲ့ကြပြီး လတ်တလောမှာတော့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂွမ်စတစ်ဖန်နီတို့ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း လက်ထပ်မှတ်ပုံတင်ခဲ့ကြတာပါ။ သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကို ဇူလိုင် ၃ ရက်မှာ ကျင်းပခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကို အိုကလာဟိုးမားမှာရှိတဲ့ ဘလိတ်ခ်ရှယ်လ်တန်ရဲ့ ခြံအတွင်းမှာ ကျင်းပခဲ့တာပါ။

(ခ) ဖားကန့်မြို့နယ်အား COVID – 19 ရောဂါဖြစ်ပွားမှုအခြေအနေအရ Stay at Home မြို့နယ်အဖြစ် သတ်မှတ်ထားရှိရာ ၂၆. ၁၀. ၂၀၂၀ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဖားကန့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း (ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဦးတင့်စိုး ဦးဆောင်၍ ကထန်ယန်ကျေးရွာအုပ်စုရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ခံ ဦးနော်လီ၏ နေအိမ်တွင် ရပ်မိ/ရပ်ဖများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံခဲ့သဖြင့် Stay at Home သတ်မှတ်ထားသည့် ကာလအတွင်း လှည့်လည်မဲဆွယ်စည်းရုံးခြင်း၊ ၂၇. ၁၀. ၂၀၂၀ ရက်နေ့တွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဖားကန့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင့်စိုးနှင့် ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ဟိန်းမင်းတို့သည် ဒေသဖွံ့ဖြိုးရေးညှိနှိုင်းဆောင်ရွက်ရန်ခေါင်းစဉ်ဖြင့် နန့်စီးအောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နေအိမ်တွင် ကွင်းဆင်းမဲဆွယ်စည်းရုံးလျက်ရှိသဖြင့် Stay at Home ကာလ သတ်မှတ်ချက်အား ဖောက်ဖျက်ကျူးလွန်နေခြင်းကြောင့် အရေးယူမှုများ ဆောင်ရွက်ပေးပါရန် တင်ပြလာခဲ့သဖြင့် သက်ဆိုင်ရာကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ စိစစ်စေခဲ့ရာ ဖြစ်စဉ်များ မှန်ကန်မှုရှိခဲ့သဖြင့် ဦးတင့်စိုးနှင့် ဦးအောင်ဟိန်းမင်းတို့အပါအဝင် ပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေခြင်းဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရသည်။

(ဂ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၆) ကိုယ်စားလှယ်လောင်း ဒေါက်တာဒေါ်ခင်မကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိုးကောင်းမြို့နယ်အတွင်း မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်နှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ထည့်သွင်းညွှန်ကြားခွင့်ပြုခဲ့သော်လည်း စတင်ထွက်ခွာသည့်အချိန်၌ပင် သတ်မှတ်အင်အား ၅၀ ဦး (ဝန်းရံသူများမပါ)ထက် ကျော်လွန်နေသဖြင့် စာဖြင့် သတိပေးဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။

(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဖြစ်သူ ဦးနေဝင်းသည် မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စုသို့ သွားရောက်၍ အစိုးရအဖွဲ့ကိုယ်စား ထောက်ပံ့ကြေးများထုတ်ပေးခဲ့ရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဆန်းထူးမှ အဆိုပါဝန်ကြီး၏ ရှေ့မှောက်၌ ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်မှသာ ဤကဲ့သို့ထောက်ပံ့ကြေးရရှိခြင်းဖြစ်ကြောင်း ၊ ပါတီ၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုသာမဲပေးခြင်းဖြင့် ကျေးဇူးဆပ်သင့်ကြောင်း” မဲဆွယ်စည်းရုံးခွင့် မရှိသည့်အချိန်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် မဲဆွယ်စည်းရုံး ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

( င ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်းက နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ ရက်ပေါင်း(၉၀) သတ်မှတ်ချက်နှင့် မကိုက်ညီသော ရွှေ့ပြောင်းလုပ်သားများ မဲစာရင်းတွင် ပါဝင်စေရေးအတွက် မြစ်ကြီးနားမြို့နယ် လယ်ကုန်းရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌအား ဖိအားပေးခိုင်းစေရာ ဆောင်ရွက်ပေးမှုမရှိသဖြင့် မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း အား လယ်ကုန်းရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကို အစားထိုးလဲလှယ်ရန် ဖိအားပေးပြောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။

(စ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်းသည် ပါတီဝင်တစ်ဦးဖြစ်သော မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်မှတစ်ဆင့် ရပ်/ကျေးစာရေးအား ဥပဒေနှင့်မညီသော မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါရှိအောင် မဖြစ်မနေလုပ်ဆောင်ပေးရန်နှင့် ကျန်ရှိပါက တာဝန်ရှိမည်ဖြစ်ကြောင်း အကျပ်ကိုင်စေခိုင်းသဖြင့် ရပ်/ကျေးစာရေး ဦးဟန်ဇင်ဦးသည် ၎င်း၏ အစီအစဉ်ဖြင့် နောက်ဆက်တွဲစာရင်းများအား ကွန်ပျူတာစာစီ၍လည်းကောင်း၊ လက်ရေးဖြင့်လည်းကောင်း ဖြည့်သွင်း၍ မဲစာရင်းအား တရားမဝင်တိုးခဲ့ခြင်းအပြင်၊ ၎င်းတရားမဝင် တိုးယူခဲ့သော မဲစာရင်းအတွက် လိုအပ်သော မဲလက်မှတ်စာအုပ်များအား မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ခိုးယူအသုံးပြုခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဆ) ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာအုပ်စု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေးအဖွဲ့များသည် ငှက်ပျောခြံလုပ်သားများအနေဖြင့် ပုံစံ(၃-က)ဖြင့် မဲစာရင်းတွင်ထည့်သွင်းပေးရန် လျှောက်ထားစေရေးအတွက် ခြံလုပ်ငန်းရှင်များအား ဖိအားပေးအကျပ်ကိုင်ခြင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ဖိအားပေး အကျပ်ကိုင်ခြင်း၊ ကိုယ်စားလှယ်ဖြင့် အစုအဝေးလိုက် လျှောက်ထားမှုများအား မဲစာရင်းတွင် ထည့်သွင်းပေးရေးအတွက် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအား ဖိအားပေးခြင်းများလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဇ) တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုအတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ မိုင်းခွန်ကျေးရွာအုပ်စုမှ အုပ်ချုပ်မှုစိုးမိုးခြင်းမရှိသော၊ ဒေသအခေါ်မိုင်းခွန်ပေါက်ဝဟု ခေါ်သည့်နေရာတွင် ယာယီနေထိုင်လျက် လုပ်ကိုင်စားသောက်နေသော ရွှေ့ပြောင်းလုပ်သားများအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပုံစံ(၃-က) မဲစာရင်းထည့်သွင်းပေးရေး လျှောက်ထားဆောင်ရွက်ရန် စည်းရုံးပြောဆိုခဲ့သဖြင့် အဆိုပါ ၄၀ ဦးအား မဲစာရင်းထည့်သွင်းပေးရန် ကိုယ်စားလှယ် ၁ ဦးဖြင့် လာရောက်လျှောက်ထားခဲ့ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ယင်း၏ အုပ်ချုပ်မှုလက်လှမ်းမမီသော နေရာတွင်နေထိုင်သော ယင်းအနေဖြင့် သိရှိခြင်းမရှိသူများ ဖြစ်ခြင်းကြောင့် ထောက်ခံချက်ပေးရန်ငြင်းဆိုခဲ့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးမှ တနိုင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လာရောက်ပြီး အဆိုပါ ပုဂ္ဂိုလ်များသည် မဲပေးခွင့်ရှိသော နိုင်ငံသားများဖြစ်သည့် မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း ဖိအားပေး ဝင်ရောက်စွက်ဖက်ပြောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။

အချပ်ပို ၃ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၂ မှ

(ဈ) အင်ဂျန်းယန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းဖြစ်သူ ဒေါက်တာဇော်ဂျပ်သည် မြစ်ကြီးနားမြို့နယ်အတွင်း အိမ်ထောင်စု ၁၇ စု မှ၊ မဲဆန္ဒရှင်အင်အား ၁၃၃ ဦးအား လဝကပုံစံ(၁၀)ဖြင့် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ယင်း၏မိတ်ဆွေဖြစ်သူ မိသားစုများတွင် အိမ်ထောင်စုအဝင်စာရင်းပြုလုပ်၍ မဲစာရင်းထည့်သွင်းပေးရန် ပုံစံ(၃)၊ ပုံစံ(၄-ခ) ဖြင့် လျှောက်ထားဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍ ကချင်ပြည်နယ်ပြည်သူ့ပါတီမှ ကိုယ်စားလှယ်လောင်း ဖြစ်သူ ဦးလမာနော်အောင်ကလည်း မြစ်ကြီးနားမြို့နယ်အတွင်း နေထိုင်လျက်ရှိသော အိမ်ထောင်စု (၂၉)စု မဲဆန္ဒရှင်အင်အား ၁၆၂ ဦးအား လဝကပုံစံ(၁၀)ဖြင့် အင်ဂျန်းယန်မြို့နယ် အတွင်းရှိ ယင်း၏မိတ်ဆွေဖြစ်သူ မိသားစုများတွင် အိမ်ထောင်စုအဝင်စာရင်းပြုလုပ်၍ မဲစာရင်း ထည့်သွင်းပေးရန် ပုံစံ(၃)၊ ပုံစံ(၄-ခ)ဖြင့် တန်ပြန်လျှောက်ထား ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် အင်ဂျန်းယန်မြို့နယ်အတွင်း အခြေချနေထိုင်လျက်ရှိသော ဒေသခံများက အမှန်တကယ် နေထိုင်မှုမရှိသူများအား ထိုသို့ မဲစာရင်းတွင် ထည့်သွင်းပေးရန် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လက်မှတ်ရေးထိုး၍ အင်ဂျန်းယန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ကန့်ကွက်လာခဲ့ သဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အဆိုပါကိစ္စသည် နေထိုင်ခွင့်မရှိသူ များအတွက် ဆောင်ရွက်လာခြင်းဖြစ်ပြီး၊ ဒေသမှလည်းလက်မခံဘဲ ကန့်ကွက်လာသည့်ကိစ္စ ဖြစ်သဖြင့် တရားမဲ့ပြုကျင့်မှုများ ဖြစ်လာနိုင်ကြောင်း သတိပေးပြောဆိုခဲ့သဖြင့် ပုံစံ(၃)ဖြင့် လျှောက်ထားမှုများအား ပြန်လည်ရုပ်သိမ်းသွားခဲ့ကြပါသည်။ သို့ရာတွင် မြစ်ကြီးနားမြို့နယ်မှ ပုံစံ(၁၀)ဖြင့် အိမ်ထောင်အထွက်ပြုလုပ်ခဲ့ကြသော မဲဆန္ဒရှင်များမှာ အချိန်ကန့်သတ်ချက်အရ မည်သည့်နေရာတွင်မှ မဲစာရင်းထည့်သွင်း၍ မရတော့ဘဲ မဲပေးပိုင်ခွင့် ဆုံးရှုံးသွားသည့် အခြေ အနေများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

(ည) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်း အဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်း ကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသား စိစစ်ရေးကတ် ရှိ/မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် **“မဲဆန္ဒနယ်များရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”**ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကိုတွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော် လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဋ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံ ရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေး အဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက် ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာ ချက်ကို ၈- ၁၀- ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁- ၁၀- ၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြား ချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဌ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့် ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉- ၈- ၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း ၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်း သည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဍ) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခွင့် ကာလ၊ ကြိုတင် ဆန္ဒမဲနှင့် ဆန္ဒမဲပေးသည့်နေ့ရက်များတွင် NLD ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် လောင်းများနှင့် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသည်။

(ဎ) မဲစာရင်းများတွင် အကြိမ်ကြိမ် ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်နေပြီး မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်ပါဝင်နေသူများအနက် တစ်ကြိမ်ထက် ပိုမိုဆန္ဒပြုထားသူများကို တွေ့ရှိရသဖြင့် စိစစ်ဖော်ထုတ်အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲ ၂ ကြိမ်/ ၃ ကြိမ် ပေးမှုများကို အောက်ပါ အခြေအနေများတွင် ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာ မဲစာရင်း ပုံစံ(၁)တွင် လက်မှတ်ရေးထိုးထားသည့် အထောက်အထား များအရ အသေးစိတ် စိစစ်လျက်ရှိသည်-

(၁) သက်ဆိုင်ရာ မဲဆန္ဒရှင်အနေဖြင့် မြို့တစ်မြို့တည်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၎င်းအမည်စာရင်းပါ မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးမည့် နေ့ရက်များတွင် ၁ ကြိမ်နှင့်အထက် မဲပေးနိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် ၁ ကြိမ် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

(၂) မဲမသမာမှုပြုလုပ်သူအနေဖြင့် ၎င်းမဲဆန္ဒရှင် အမည်စာရင်းပါ မြို့နယ်နှင့် အခြားမဲစာရင်း ပါရှိသည့် မြို့နယ်တို့ နီးကပ်ခြင်း၊ ကျေးရွာအုပ်စု ကပ်လျက်ရှိခြင်း စသည့်အခြေအနေ များတွင်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

(၃) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်လည်း မဲရုံတွင် လက်သန်း မင်မတို့ဘဲ ရှောင်လွှဲကာ အခြားမဲစာရင်းပါရှိသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

၉။ ထိုကဲ့သို့ မဲရုံတိုင်း၌ မဲစာရင်းများ အရေအတွက်များပြားစွာ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ် ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်ဩဇာ အသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန် ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေး ခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေး အာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**





ကချင်ပြည်နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်










ကချင်ပြည်နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ

☆ မြေပြင်စစ်ဆေးချက်များအရ အဆိုပါမြို့နယ် ၁၈ မြို့နယ်တွင် မဲရုံပေါင်း ၉၁၉ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၀၁၀၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၆၁၃၂၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၃၉၇၇၀၊ မြေပြင်လက်ကျန် ၅၃၆၈၈၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရ။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၉၄၄၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၅၆၈ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရ

☆ မဲရုံတိုင်း၌ မဲစာရင်းများ အရေအတွက်များပြားစွာ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရ။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်သြဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရချိန်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့သောအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်သို့ပြန်လည်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များရှိနေသည်ကို တွေ့ရှိရပါသည်။ ထိုသူများ ဆန္ဒမဲပေးမှု မဆုံးရှုံးစေရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမဲဆန္ဒရှင်များသည် မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ မိမိတို့ရောက်ရှိနေသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲဖြင့် ဆန္ဒမဲပေးနိုင်ရန် ပုံစံ ၁၅ များရယူ၍ လျှောက်ထားနိုင်ကြပါသည်။ ယင်းသို့လျှောက်ထားချက်ရရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါမဲဆန္ဒရှင်၏မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် အမြန်ဆုံး ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၂၈၂ ) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၁ ရက်

သို့

--------------------------------တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် ကိစ္စ

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၈-၁၀-၂၀၂၀ ရက်စွဲပါ အသိပေး ကြေညာချက်

၁။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှု အခြေအနေများအရ သက်ဆိုင်ရာကထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နေထိုင်ကြရသဖြင့် မိမိ၏ မဲစာရင်းပါရှိရာ မဲဆန္ဒနယ်သို့ပြန်လည်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အထူးကိစ္စ တစ်ရပ်အနေဖြင့် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ရည်ညွှန်းပါ အသိပေးကြေညာချက်ဖြင့် မဲဆန္ဒရှင်များသို့ အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ မဲဆန္ဒရှင်များသည် မိမိ၏အမြဲတမ်းနေရပ်မဲဆန္ဒနယ်သို့ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် မိမိတို့ရောက်ရှိနေသောဒေသရှိ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ဆက်သွယ်၍ ပုံစံ (၁၅) များရယူလျှောက်ထားကြမည် ဖြစ်ပါသည်။ လျှောက်ထားချက်ကို လက်ခံရရှိသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အဆိုပါ မဲဆန္ဒရှင်၏ မဲစာရင်းပါရှိရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အမြန်ဆုံးဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးကြရပါမည်။

၃။ ထိုသို့ ပုံစံ (၁၅) ဖြင့် လျှောက်ထားသည့်အတွက် ကြိုတင်ဆန္ဒမဲပေးခွင့် ရရှိစေရန် ဆောင်ရွက်ပေးကြရမည့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို မကျော်လွန်စေဘဲ ပူးတွဲပါ လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်သို့ ထပ်ဆင့်ညွှန်ကြား၍ ကြီးကြပ်ဆောင်ရွက်သွားရန်အကြောင်းကြားပါသည်။

ပူးတွဲ- ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာလုပ်ငန်းစဉ် (၁) စုံ

ဥက္ကဋ္ဌ (ကိုယ်စား)
( အောင်မြင့်၊ အဖွဲ့ဝင်)

မိတ္တူကို

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

---

**NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရောက်ရှိရာဒေသတွင် ပုံစံ (၁၅) လျှောက်ထား၍ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်

### မဲဆန္ဒရှင်များက ပုံစံ (၁၅) လျှောက်ထားခြင်း

၁။ ပုံစံ (၁၅) ဖြင့် လျှောက်ထားလိုသူသည် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်ဖြစ်ရန် လိုအပ်ပါသည်၊

၂။ မိမိယခုရောက်ရှိနေသည့်ဒေသရှိမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆက်သွယ်ပါ၊

၃။ မိမိအတွက် ပုံစံ (၁၅) ဖြင့်လျှောက်ထားလိုကြောင်း သက်ဆိုင်ရာတာဝန်ရှိသူထံသို့ တင်ပြပါ၊ (ပုံစံ (၁၅) ဖြင့်လျှောက်မည်ဆိုပါက မိမိအနေဖြင့် ပုံစံ (၃-က) ဖြင့် ယခင်က လျှောက်လွှာတင်၍ လျှောက်ထားခဲ့ခြင်း မရှိကြောင်း ကို အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူကို ပြောပြပါ၊ ပုံစံ (၃-က) ဖြင့်လျှောက်ထားပြီးပါက ပုံစံ (၁၅) ဖြင့် ထပ်မံလျှောက်ထားခွင့် မရှိပါ၊)

၄။ အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူထံတွင် ပုံစံ (၁၅) တောင်းယူပါ၊

(သို့မဟုတ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uec.gov.mm သို့ ဝင်ရောက်၍ ပုံစံ (၁၅) ကို Download ရယူပါ၊

၅။ ပုံစံ (၁၅) တွင် လိုအပ်သော အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ပါ၊ (အချက်အလက် မပြည့်စုံသဖြင့် စိစစ်၍ မရလျှင် မဲလက်မှတ်ထုတ်ပေးရန် အခက်အခဲရှိနိုင်သည့်အတွက် ဂရုပြုဆောင်ရွက်ရန် လိုပါသည်)

၆။ ဖြည့်စွက်ပြီးသော ပုံစံ (၁၅) ကို မိမိဆက်သွယ် ရယူထားသည့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူထံသို့ ပြန်လည်ပေးအပ်ပါ၊

၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မိမိထံသို့ ပြန်လည်ဆက်သွယ်နိုင်ရန် လိပ်စာ၊ ဖုန်းနံပါတ် ပေးခဲ့ပါ၊

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပုံစံ (၁၅) များဆောင်ရွက်ခြင်း

၁။ မဲဆန္ဒရှင် ရောက်ရှိနေသည့် ဒေသမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်-

(က) မဲဆန္ဒရှင်က လျှောက်ထားသည့် ပုံစံ (၁၅) ကို လက်ခံပြီးပါက မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံသို့ ဆောလျင်စွာ ရောက်ရှိစေရန် Fax, Email အစရှိသည်တို့ကို အသုံးပြု၍ ယင်းပုံစံ (၁၅) ကို ဆက်လက်ပေးပို့ပါ၊

(ခ) မဲဆန္ဒရှင်က လျှောက်ထားသည့် ပုံစံ (၁၅) ပါ အချက်အလက်များအရ မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲသို့ ပုံစံ (၁၅) ပေးပို့လျှင် ကြာမည့်အချိန်၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရောက်ရှိလာနိုင်သည့်အချိန်၊ ဆန္ဒပြုပြီးကြိုတင်ဆန္ဒမဲလက်မှတ်များ ပြန်လည် ပေးပို့ရာတွင် ကြာမည့်အချိန်တို့ကို သက်ဆိုင်ရာ မဲဆန္ဒရှင်သို့ ကြိုတင်အသိပေး ရှင်းပြပါ၊ ( ဆက်သွယ်ဆောင်ရွက်ရေး လွယ်ကူချောမွေ့စေရန် မဲဆန္ဒရှင်၏ တယ်လီဖုန်း နံပါတ် ရယူထားရန် )

(ဂ) ပုံစံ (၃-က) ဖြင့်လျှောက်ထားပြီးပါက ပုံစံ (၁၅) ဖြင့်လျှောက်ထားခြင်းကို လက်မခံရ၊

၂။ မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည်-

(က) လုပ်ငန်း ပိုမိုမြန်ဆန်စေရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲကို မိမိရုံးသို့ ခေါ်ယူ၍ ပုံစံ (၁၅) တွင်ပါရှိသောအမည်နှင့် မဲဆန္ဒရှင်စာရင်း တို့ကို တိုက်ဆိုင်စစ်ဆေးစေပြီး မှန်ကန်ပါက ၎င်းမဲဆန္ဒရှင်၏ အမည်ကို မဲစာရင်းပုံစံ (၁) တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲ ပေးမည့်သူ ဖြစ်ကြောင်း မှတ်သားထားစေပါ၊

(ခ) မဲစာရင်းတွင် မင်နီဖြင့် မျဉ်းသား၍ မှတ်သားပြီးပါက ပုံစံ (၁၅) ဖြင့် တောင်းဆိုသောပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ များစာရင်း ပုံစံ (၁-၁) တွင် ဖြည့်စွက်၍ မှတ်တမ်းတင်ပါ၊ ပုံစံ (၁-၁) မိတ္တူ နှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ထားရှိ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွင် မူရင်းတစ်စောင် လက်ခံထားရှိစေပြီး မိတ္တူ တစ်စောင်ကို ကပ်ထားမစေရေး ဆောင်ရွက်ပါ၊

(ဂ) ၎င်းမဲဆန္ဒရှင်၏ အမည်ကို မဲစာရင်းတွင် မင်နီဖြင့် မျဉ်းသား၍ မှတ်သားခြင်းနှင့် ပုံစံ (၁-၁) တွင် ဖြည့်စွက်၍ မှတ်တမ်းတင်ခြင်းတို့ဆောင်ရွက်ပြီးပါက မဲဆန္ဒနယ် ပြင်ပ (ပြည်တွင်း) ကြိုတင်ဆန္ဒမဲလက်မှတ် ပေးပို့ရန် ဆောင်ရွက်ပါ၊

(ဃ) ပေးပို့မည့် ကြိုတင်ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်တွင် မဲလက်မှတ် ထုတ်ပေးသူက အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်သည့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး တံဆိပ်ရိုက်နှိပ်ပါ၊

(င) အထက်ပါအချက်များ ဆောင်ရွက်ပြီးပါက ကြိုတင်ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲစာအိတ်များအတွင်းသို့ သတ်မှတ်ထားသည့်အတိုင်း ထည့်သွင်း၍ ပုံစံ (၁၅) ပေးပို့လာသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ လိပ်မူ၍ ပေးပို့ပါ၊

၃။ မဲဆန္ဒရှင်ရောက်ရှိနေသည့် ဒေသမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်-

(က) ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များ လက်ခံရရှိသည့်အခါ ကြိုတင်ဆန္ဒမဲ ပေးရန် နေရာများ စီစဉ်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ပါ၊

(ခ) သက်ဆိုင်သည့် ကာယကံရှင် မဲဆန္ဒရှင်သို့ ဆက်သွယ် အကြောင်းကြားပါ၊

### မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲပေးခြင်း

၁။ မဲဆန္ဒရှင်သည် ပုံစံ (၁၅) ဖြင့်လျှောက်ထားပြီးပါက ကြိုတင်ဆန္ဒမဲပေးရမည့် နေ့ရက်နှင့် နေရာတို့ကို သိရှိနိုင်ရန်အတွက် မိမိ၏ ပုံစံ (၁၅) ပေးပို့တင်ပြထားသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆက်သွယ်မေးမြန်းပါ၊

၂။ ကြိုတင်ဆန္ဒမဲပေးရမည့် နေ့ရက်နှင့်နေရာတို့ကို သိရှိလျှင် ကြိုတင်ဆန္ဒမဲပေးရမည့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သွားရောက်၍ လျှို့ဝှက်ဆန္ဒပြုပါ၊

၃။ ဆန္ဒပြုပြီးသည့် ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲစာအိတ်အတွင်းသို့ ထည့်သွင်းပိတ်ပြီး ယင်းကြိုတင်ဆန္ဒမဲစာအိတ်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ ပေးအပ်ပါ၊

၄။ လျှို့ဝှက်ဆန္ဒမဲ ပေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အနည်းဆုံး ၃ ဦး ရှိနေရပါမည်၊

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များကို ဆောင်ရွက်ခြင်း

၁။ မဲဆန္ဒရှင် ရောက်ရှိနေသော လက်ရှိဒေသမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်-

(က) မဲဆန္ဒရှင်က ဆန္ဒပြုပြီးပေးအပ်သည့် ကြိုတင်ဆန္ဒမဲစာအိတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲပုံးများတွင် ခေတ္တထည့်သွင်း၍ လုံခြုံစွာထားရှိပါ၊

(ခ) အဆိုပါ ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်ကို မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံသို့ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန် မတိုင်မီ ရောက်ရှိစေရန် ဆက်လက် ပေးပို့ပါ၊

၂။ မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည်-

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန်မတိုင်မီ ရောက်ရှိ လက်ခံရရှိသော ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲပုံးများတွင် ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်းထား ရှိပါ၊

(ခ) ရွေးကောက်ပွဲ ကျင်းပသည့်နေ့မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန်နောက်ပိုင်း ရောက်ရှိလာသော ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို လုံးဝ (လုံးဝ) လက်ခံခြင်း မပြုရ၊

(ဂ) အထက်အပိုဒ်ခွဲ (က) ပါ လက်ခံရရှိ သိမ်းဆည်းထားသော ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ပြီးသည့် ညနေ ၄ နာရီ (၁၆:၀၀) အချိန် နောက်ပိုင်းတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ရေတွက်၍ သက်ဆိုင်ရာ ပုံစံများတွင် ဖြည့်သွင်း၍ ပြုစုပါ၊

(ဃ) ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန် နောက်ပိုင်း ရောက်ရှိလာသော မည်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်ကိုမျှ လက်ခံခြင်း၊ ထည့်သွင်းရေတွက်ခြင်း လုံးဝ (လုံးဝ) မပြုရ၊

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် –

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် အထူးကိစ္စရပ်အနေဖြင့် ပုံစံ (၁၅) ဖြင့် လျှောက်ထားပြီး ကြိုတင်ဆန္ဒမဲပေးခွင့်ရရှိကြသည့် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် သက်ဆိုင်သည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီသာ အလေးထားလိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင် များသည် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရေးအတွက် ပုံစံ (၃–က) ဖြင့် လျှောက်ထားပြီးဖြစ်သော မဲဆန္ဒရှင်များက အထူးကိစ္စတစ်ရပ်အနေဖြင့် ပုံစံ (၁၅) ထပ်မံလျှောက်ထားလာခြင်းကို လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ပိုမိုရှုပ်ထွေးလာနိုင်သဖြင့် လက်ခံဆောင်ရွက်ပေးခြင်း မပြုရန် ဖြစ်ပြီး အဆိုပါ မဲဆန္ဒရှင်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ကြေညာချက် အမှတ် (၁၆၆/၂၀၂၀) နှင့်အညီသာ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ ( ၁၇၀ ) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်

သို့

မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးကိစ္စ

ရည်ညွှန်းချက်။ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၇-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ဝ၁၂ / ၁-၁၂ / တကရ (၅၇၈)

၁။ မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းရန် ကျန်ရှိနေသူများ မဲပေးခွင့်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြန်လည်တင်ပြရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အကြောင်းကြားလာမှုကို မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက အောက်ပါအတိုင်း ဆောင်ရွက်ပါက သင့်လျော်မည်ဟု ပြန်လည် တင်ပြခဲ့ပါကြောင်း ရည်ညွှန်းပါစာဖြင့် တင်ပြလာခဲ့ပါသည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား (တိုင်းရင်းသား) ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ထောက်ခံချက်ပေးရန်၊

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်အရ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ မဲစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ဆန္ဒမဲပေးခွင့်ထောက်ခံချက်ကို ထုတ်ပေးရန်၊

(ဂ) ဆန္ဒမဲပေးခွင့်ထောက်ခံချက်တွင် မဲဆန္ဒရှင်၏ ပက်ပို့စ် ဓာတ်ပုံကပ်ပြီး ၎င်းဓာတ်ပုံပေါ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးတံဆိပ်ရိုက်နှိပ်ပေးရန်နှင့် "ဆန္ဒမဲပေးရန်အတွက်သာ" ဆိုသည့် စာသားအား ထင်ရှားစွာရေးသားရန်၊

(ဃ) ရွေးကောက်ပွဲနေ့တွင်ဆန္ဒမဲပေးပြီးပါက အဆိုပါဆန္ဒမဲပေးခွင့် ထောက်ခံချက်အား မဲရုံမှ တစ်ပါတည်း သိမ်းဆည်းသွားရန်။

၂။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (ခ) တွင် "သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ" ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားသဖြင့် မဲစာရင်းတွင်ပါဝင်သူ မဲဆန္ဒရှင်တိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့် ရှိပါသည်။

၃။ ယခင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင် မဲစာရင်းတွင် ပါဝင်ပြီး မဲရုံသို့ လာရောက်မဲပေးကြသူ မဲဆန္ဒရှင်များအနက် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း မှတ်ပုံတင်အစရှိသည့် အထောက်အထားများ ပျောက်ဆုံး/ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် အောက်ပါ အတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

(က) မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အမှန်ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ကို မဲရုံ၌ မဲရုံမှူးထံ တစ်ပါတည်းတင်ပြ၍ ဆန္ဒမဲပေးခွင့်ပြုခြင်း၊

(ခ) အကယ်၍ အထက်ပါအတိုင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ မဲစာရင်းတွင် ပါဝင်ကြောင်း ထောက်ခံချက်ကို မတင်ပြနိုင်ပါက မဲရုံ၌ မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အမှန်ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆိုနိုင်သူရှိလျှင်လည်း ဆန္ဒမဲပေးခွင့်ပြုခြင်း။

၄။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီး မှတ်ပုံတင်အစရှိသည့် အချက်အလက်များ မပြည့်စုံသည့် မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် အထက်အပိုဒ် ၃ ပါ ယခင်ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများအတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အပြင် မဲစာရင်းတွင် အမည်ပါသူ အမှန်ဖြစ်ကြောင်း သိသာစေနိုင်သည့် ယာဉ်မောင်းလိုင်စင်၊ ဝန်ထမ်းကတ်၊ ကျောင်းသားကတ်၊ ကြက်ခြေနီ အဖွဲ့ဝင်ကတ်၊ အရန်မီးသတ် အဖွဲ့ဝင်ကတ်၊ ပြည်သူ့စစ်အဖွဲ့ဝင်ကတ်၊ ပရဟိတအဖွဲ့ဝင်ကတ် စသည့် ကတ်တစ်မျိုးမျိုး ပြသနိုင်လျှင် မဲပေးခွင့်ပြုသွားမည် ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ လိုအပ်ပါက မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကော်မရှင်၏ အစီအစဉ်ဖြင့် ထုတ်ပေးနိုင်ရန်ကိုလည်း လျာထားဆောင်ရွက်လျက်ရှိပါသဖြင့် အထက်အပိုဒ် ၁ ပါ တင်ပြချက်များကို ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး
-------------------------- တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၄၂၈) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်

သို့

------------------------------တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုမည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စ

၁။ ယခုကာလတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် အချို့၌ UEC စာလုံးသုံးလုံး မပါဝင်သော ပုံစံတူတံဆိပ်တုံးအတုများ ပေါ်ထွက်နေကြောင်း တွေ့ရှိရပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးများနှင့် မဲရုံကိုယ်စားလှယ်များသည် မဲရုံမဖွင့်မီ ကြိုတင်၍ ဆန္ဒပြုတံဆိပ်တုံးများကို အလွယ်တကူ လဲလှယ်ခြင်း မပြုနိုင်ရန်အတွက် ကြိုးဖြင့်ခိုင်မြဲသေချာစွာ ချည်နှောင်ရန် ဖြစ်ပါသည်။ ထိုသို့ချည်နှောင်ရာတွင် ခိုင်ခံ့သော ကြိုးအသေးကိုအသုံးပြု၍ ကြိုးတစ်စကို ဆန္ဒပြုတံဆိပ်တုံး၏ လက်ကိုင်တွင် ခိုင်မြဲစွာ ချည်နှောင်ရန်နှင့် ကျန်တစ်စကို လျှို့ဝှက်ဆန္ဒပြုခန်းထားရှိမည့် စားပွဲ/ စင်တွင် သံမှိုဖြင့်ရိုက်၍ သေချာစွာ ချည်နှောင်ပြီး အလွယ်တကူ လဲလှယ်ယူဆောင်မသွားနိုင်ရေး ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ မဲရုံမှူးနှင့် မဲရုံကိုယ်စားလှယ်များသည် ၁၅ မိနစ် လျှင်တစ်ကြိမ် ဆန္ဒပြုခန်းများသို့ သွားရောက်၍ သတ်မှတ်ထားသည့် ဆန္ဒပြုတံဆိပ်တုံး မှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၄။ မဲမရေတွက်မီ မဲရုံမှူးသည် UEC စာလုံး မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါက မည်သည့် ပါတီ/တစ်သီးပုဂ္ဂလကို ဆန္ဒပြုထားသည်ဖြစ်စေ ခိုင်လုံမဲအဖြစ် သတ်မှတ်မည် ဖြစ်ကြောင်းကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် အများပြည်သူအသိသက်သေ များသို့ ကြိုတင်ရှင်းလင်း တင်ပြထားရန်ဖြစ်ပါသည်။

၅။ ဤညွှန်ကြားချက်ကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံမှူးများသို့ သိရှိလိုက်နာ အလေးထားဆောင်ရွက်စေရေး အမြန်ထပ်ဆင့်ညွှန်ကြားကြပ်မတ်သွားရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး (သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူးများသို့ ထပ်ဆင့်ညွှန်ကြား၍ ကြီးကြပ် ဆောင်ရွက်ရန်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံ/မျှောစာတွဲ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ဆန္ဒမဲလက်မှတ်များ၊ မဲစာရင်းများ အပိုတွေ့ရှိမှုနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးစာရေးနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးဖြစ်သူ ဦးဟန်ဇင်ဦး၏ ထွက်ဆိုချက်



**ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ဆန္ဒမဲပေးခြင်းကို များပြားစွာ ခန့်မှန်း ၁၀၀၀ ကျော်ခန့် ဆောင်ရွက်ခဲ့ရတဲ့အတွက် ကြိုတင်မဲပေးပြီးသူများစာရင်းပုံစံ(၁၃)တွင် စာရင်းရေးသွင်းရန် ကျန်ရှိခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်ဆန္ဒမဲပုံးနဲ့အတူ အပ်ရမည့်ပုံစံ(၁၃)စာရင်းများ အပ်နှံခြင်း မရှိခြင်းအခက်အခဲများ ရင်ဆိုင်ခဲ့ရပါတယ်။ အထူးသဖြင့် ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်တဲ့အခါ ပုံစံ(၁၃)နှင့် စာရင်းကိုက်ညီမှုမရှိသဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ မဲဆန္ဒရှင်မရှိဘဲ ဆန္ဒမဲပေးထားသကဲ့သို့ ဖြစ်ခဲ့**

ဦးဟန်ဇင်ဦးက ထွက်ဆိုသည်မှာ – နောက်တိုးမဲစာရင်း ဖြည့်သွင်းခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ဆန္ဒမဲပေးနိုင်မယ့် ရပ်ဝေးဒေသများမှ ရက်ပေါင်း ၉၀ နဲ့အထက် ပြောင်းရွှေ့နေထိုင်သူများ မဲစာရင်းထည့်သွင်းရေးဆောင်ရွက်ရာမှာ လူဦးရေ ၁၁၀၀ ခန့် စာရင်းတင်သွင်းခဲ့ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၇၈၁ ဦးသာ လက်ခံပြီး အချက်အလက် မပြည့်စုံတဲ့ ၃၁၉ ဦးကို ပယ်ဖျက်ခဲ့သော်လည်း ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မဲစာရင်းတွင် ပါဝင်နိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးရန် ပြောကြားချက်အရ ကွန်ပျူတာစာစီဖြင့် ၂၆၉ ဦး၊ လက်ရေးဖြင့် ၅၀ ဦး ပေါင်း ၃၁၉ ဦးကို နောက်တိုးစာရင်းအဖြစ် ထပ်မံထည့်သွင်းခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းဟာ ဥပဒေအရ လုပ်ပိုင်ခွင့်မရှိပေမယ့် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အကူအညီတောင်းခံခဲ့သဖြင့် ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

မဲလက်မှတ်စာအုပ် ထပ်မံထုတ်ယူမှု၊ မဲစာအုပ်မီးရှို့ဖျက်ဆီးမှု အခြေအနေနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲရုံအမှတ်(၈၅)နဲ့ (၈၇)တို့မှ တိုင်းရင်းသား မဲလက်မှတ်များ လိုအပ်ကြောင်း မဲရုံများက ဖုန်းဆက်လာခဲ့သဖြင့် မဲရုံအမှတ်(၈၅)အတွက် လီဆူ(၂)အုပ်၊ ရဝမ်(၁) အုပ်၊ မဲရုံအမှတ်(၈၇)အတွက် လီဆူ(၁)အုပ်၊ ရဝမ်(၁)အုပ် စုစုပေါင်း(၅)အုပ်တို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်ထုတ်ယူခဲ့ပြီး မဲရုံမှူးထံသို့ ပေးအပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးသည့် (၂)ရက်မြောက်နေ့မှာ ရပ်ကွက်ရုံးသို့ (၁၀)နာရီခွဲခန့်တွင် သွားရောက်ခဲ့ပြီး မဲရုံသုံး ပစ္စည်းများကို သိမ်းဆည်းကာ နေရာချထားခဲ့ပါတယ်။ ထိုသို့သိမ်းဆည်းနေစဉ် ကျွန်တော်၏ စားပွဲပေါ်၌ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော မဲလက်မှတ်စာအုပ် ၂ အုပ်ကို တွေ့ရှိရသဖြင့် ထိုမဲလက်မှတ် စာအုပ် ၂ အုပ် မည်သူလာထားခဲ့သည်ကို ရုံးအကူ မလှချောယဉ်အား မေးမြန်းခဲ့ရာ မသိရှိကြောင်း ဖြေကြားခဲ့သဖြင့် စစ်ဆေးကြည့်ရှုခဲ့ရာ ဆန္ဒမဲလက်မှတ်စာအုပ်ရဲ့ မဲလက်မှတ်စာရွက်နောက်ကျောမှာ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ စည်းဝိုင်းနဲ့ ဦးဗန်းဗဟာဒူး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်က လက်မှတ်ထိုးထားသည်ကို တွေ့ရှိရပါတယ်။ ထိုမဲစာအုပ်များကို အခြားသူများ တွေ့မြင်ပါက ပြဿနာဖြစ်မည်ကို စိုးရိမ်၍ သိမ်းဆည်းထားခဲ့ကာ တစ်ပတ်ခန့်အကြာတွင် ရုံးအကူစာရေးဖြစ်သူ မလှချောယဉ်အား မီးရှို့ဖျက်ဆီးရန် စေခိုင်းခဲ့ပါတယ်။

မဲရုံများမှာ မဲပေးသည့်နေ့မှာ မဲရုံအမှတ်(၈၁) မဲရုံမှူးဖြစ်သူ အထက(၁)ကျောင်းဆရာမ ဒေါ်ခိုင်မေထွန်းက ခေတ္တလာခဲ့ရန် ဖုန်းဆက်လာပြီး ၎င်းက လွှတ်တော်မဲစာအုပ် မှားပေးမိ၍ မဲလက်မှတ်ဖြတ်ပေးလိုက်သည်မှာ ၁၀/၁၅ ရွက်ခန့်ပင်ရှိကြောင်း ပြောဆိုခဲ့သဖြင့် မဲရုံမှူးဆရာမနဲ့ တိုင်ပင်ပြီး မဲရေတွက်တဲ့အချိန် မဲစာရွက်များစီတဲ့အခါမှ မဲပုံးတွင်မဟုတ်ဘဲ ကွဲပြားနေတဲ့ မဲလက်မှတ်များအား ထုတ်ယူထားရန် ဆုံးဖြတ်ခဲ့ပြီး ပြန်လာခဲ့ပါတယ်။ မဲလက်မှတ်ရေတွက်တဲ့အချိန် အဆိုပါလွှတ်တော်မတူဘဲ ထည့်ထားသော မဲလက်မှတ်များကို နုတ်ယူလိုက်လျှင် အဆင်ပြေနိုင်ကြောင်း မှားထည့်သည့် လွှတ်တော်တွင် မဲအရေအတွက် လျော့သွားမည်ဖြစ်ပြီး စာရင်းကောက်နိုင်သည်ဟု အကြံပြုခဲ့ပါတယ်။ မဲများရေတွက်ပြီး၍ မဲရုံအမှတ်(၈၁)သို့ ရောက်ရှိစဉ် ဆရာမဒေါ်ခိုင်မေထွန်းအား မေးမြန်းရာ မဲပေးစဉ် မှားယွင်းထည့်သွားသည်ဟု ပြောဆိုပြီး မဲစာရင်း ရေတွက်တဲ့အထဲသို့ ထည့်ပေးလိုက်ပါတယ်။ ပိုသွားတဲ့ မဲလက်မှတ်လက်ခံဖြတ်ပိုင်းများကို ဆရာမ ဒေါ်ခိုင်မေထွန်းက မဲလက်မှတ်အိတ်အတွင်း ထည့်လိုက်မှု ရှိ/မရှိ မသိရှိပါ။ မဲပေးသည့်နေ့မှာ မဲရုံအမှတ်(၈၆)မဲရုံမှူး တက္ကသိုလ်ကျောင်းရှိ ဆရာ ဦးဝေမင်းဦး (ဌာနမမှတ်မိ)က ၎င်းသည် လွှတ်တော်စာအုပ်မှားထုတ်ပေးခဲ့ပြီး မည်သို့ပြုလုပ်ရမည်ဟု မသိရှိသည်ကို ဖုန်းဆက်လာခဲ့သဖြင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ကျွန်တော်တို့ ၃ ဦးက အထကခွဲ(၁)ရုံးခန်းအတွင်း မည်သို့ဆောင်ရွက်ရမည်ကို တိုင်ပင်ခဲ့ပါတယ်။ မဲပေးပြီးသူများကို ပြန်ခေါ်၍ မဲပေးခိုင်းလျှင် အဆင်ပြေနိုင်သော်လည်း ပါတီများမှ စောင့်ကြည့်အဖွဲ့များက လက်မခံနိုင်ပါက ပုံမှန်အတိုင်း လုပ်သွားကြရန်နှင့် မဲစာရင်းရေတွက်သည့် အချိန်မှ မဲလက်မှတ်နှင့် မဲပုံးမကိုက်ဘဲ မှားထည့်ခဲ့သည့် ပုံစံဖြင့် သက်ဆိုင်ရာ မဲပုံးရေတွက်တဲ့အခါ ထည့်သွင်းရေတွက်သွားရန် ဆုံးဖြတ်လုပ်ကိုင်ခဲ့ပါတယ်။

ရမ်ပူရပ်ကွက်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အောက်ပါစနစ်အတိုင်း ဖွဲ့စည်းထားရှိပြီး မဲရုံ ၉ ရုံ ရှိတဲ့အတွက် မဲရုံတစ်ရုံလျှင် မဲရုံတာဝန်ခံ ၂ ဦးနှုန်းဖြင့် အဖွဲ့ဝင် ၁၈ ဦး ထားရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးစာရေး(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) တို့ပါဝင်ပါတယ် –

| | | | | |
|---|---|---|---|---|
| (က) | ဥက္ကဋ္ဌ | ၁ | ဦး | အများယုံကြည်လေးစားသူရပ်မိရပ်ဖ |
| (ခ) | အဖွဲ့ဝင် | ၁၈ | ဦး | အများယုံကြည်လေးစားသူရပ်မိရပ်ဖ |
| (ဂ) | အတွင်းရေးမှူး | ၁ | ဦး | |

ကြိုတင်မဲပေးခြင်းကို အသက် ၆၀ နှစ်နဲ့အထက် စာရင်းကို ရမ်ပူရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးတွင် ဆောင်ရွက်ရသော်လည်း ရပ်ကွက်အတွင်းလှည့်လည်၍ ကြိုတင်မဲကောက်ခံတဲ့ လုပ်ငန်းစဉ်မှာ ရမ်ပူရပ်ကွက်မှာ မဲရုံ ၉ ရုံတည်ရှိပြီး COVID-19 ကြိုတင်ကာကွယ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အရ အသက် ၆၀ နှစ်နဲ့ အထက်စာရင်းကို ကြိုတင်မဲပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် အသက် ၆၀ နှစ်နဲ့အထက် ပုဂ္ဂိုလ်များအပါအဝင် မဲရုံတွင် ဆန္ဒမဲပေးလိုခြင်းမရှိသောသူများဟာ မဲရုံသို့လာရောက် ဆန္ဒမဲမပေးချင်သဖြင့် ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြပါတယ်။ အသက် ၆၀ နှစ်နဲ့အထက် ပုဂ္ဂိုလ်များသာ ကြိုတင်ဆန္ဒမဲပေးရသည်ကိုသိရှိသော်လည်း လာရောက်သူများကို မောင်းထုတ်၍ မရသဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်း ဆောင်ရွက်စေခဲ့ပါတယ်။ ယင်းနောက် မဲရုံသို့ လာရောက်ဆန္ဒမဲမပေးနိုင်တဲ့ နာတာရှည်၊ အသက်ကြီး၊ လေဖြတ်ပုဂ္ဂိုလ်များအား ယာယီကြိုတင် ဆန္ဒမဲပုံးများကိုင်ဆောင်၍ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် ရာအိမ်မှူးများ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ကော်မရှင်အဖွဲ့ဝင် ၂ ဦးတို့ဖြင့် ဆေးရုံတက်လူနာများ၊ မြစ်ကြီးနားထောင်ကြီးမှ အချုပ်သားများကို ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ ယင်းသို့ ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ဆန္ဒမဲပေးခြင်းကို များပြားစွာခန့်မှန်း ၁၀၀၀ ကျော်ခန့် ဆောင်ရွက်ခဲ့ရတဲ့အတွက် ကြိုတင်မဲပေးပြီးသူများစာရင်း ပုံစံ(၁၃)တွင် စာရင်းရေးသွင်းရန် ကျန်ရှိခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်ဆန္ဒမဲပုံးနဲ့အတူ အပ်ရမည့်ပုံစံ(၁၃)စာရင်းများအပ်နှံခြင်း မရှိခြင်း အခက်အခဲများ ရင်ဆိုင်ခဲ့ရပါတယ်။ အထူးသဖြင့် ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်တဲ့အခါ ပုံစံ(၁၃)နှင့် စာရင်းကိုက်ညီမှုမရှိသဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ မဲဆန္ဒရှင်မရှိဘဲ ဆန္ဒမဲပေးထားသကဲ့သို့ ဖြစ်ခဲ့ပါတယ်။ အထက်ပါ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်တွင် လုပ်ငန်းဆောင်ရွက်ရန် အားနည်းခဲ့သည်မှာ ကျွန်တော်နှင့် ရမ်ပူရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှာ တာဝန်ရှိပြီး လုပ်ငန်းဆောင်ရွက်ချက် အားနည်းခဲ့သည်မှာ မှန်ကန်ပါတယ်။ မဲစာရင်းဖြစ်လာတဲ့ စာရင်းကို ၂၀၁၉ ခုနှစ်ရှိ လူဦးရေစာရင်းကို အခြေခံခဲ့ပါတယ်။ ယင်းစာရင်းကို အဖွဲ့ဖြင့် စနစ်တကျ ကောက်ခံခဲ့သော်လည်း ၎င်းစာရင်းမှာ အိမ်ထောင်စုရှိ အဝေးရောက်စာရင်းများ၊ ယာယီနေထိုင်သူများ ပါဝင်နေပါတယ်။ လူဦးရေစာရင်းစာရွက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးအပ်ပြီးနောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ အိမ်ထောင်စုရှိ ရပ်ဝေးနေထိုင်သူများကို မဲစာရင်းအဖြစ် သတ်မှတ်ထည့်သွင်းခြင်း၊ ယာယီအခြေချနေထိုင်သူများကို မဲစာရင်းတွင် ထည့်သွင်းခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် လဝကရုံးတို့ရဲ့ အတည်ပြုစစ်ဆေးချက်များမပါဘဲ မဲစာရင်းပြုစုခဲ့ခြင်းဖြစ်တဲ့အတွက် ယခင် မဲစာရင်းများထက် စာရင်းဖောင်းပွနိုင်ကြောင်း၊ ယင်းနောက် မဲစာရင်းတွင် ပါဝင်နေသူများကို သေချာစွာသိရှိခြင်းမရှိဘဲဖြုတ်၍ မရခြင်း၊ လွန်ခဲ့သော တစ်နှစ်ခန့်က စာရင်းကို စိစစ်မှုအားနည်းခြင်းတို့ကြောင့် မဲစာရင်းမှန်ကန်မှုအားနည်းနိုင်ပါတယ်။

မဲလက်မှတ်များ ပိုမိုထုတ်ယူခဲ့မှုအခြေအနေနှင့်ပတ်သက်၍ မဲလက်မှတ်များ သွားရောက်ထုတ်စဉ် ထုတ်ယူရာတွင် လိုက်ပါသူများမှာ ဦးရဲထွဋ်ဇှ ကော်မရှင်အဖွဲ့ခွဲ (အဖွဲ့ဝင်)၊ (အတွင်းရေးမှူး)၊ ဦးတင့်ဝေ (ရာအိမ်မှူး)၊ ဦးမြင့်ဝေ(ရာအိမ်မှူး)၊ ဦးလင်းဦး(ရာအိမ်မှူး)၊ ဦးကိုင်လား(အရန်မီးသတ်) စသည်တို့ ပါဝင်ပါတယ်။ မဲလက်မှတ်များထုတ်ယူစဉ် စာထုပ်အရေအတွက်အား စစ်ဆေး၍ယူခဲ့ပါတယ်။ လက်ခံပြေစာမှာ ထုတ်ပေးသူနေရာမှာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတန်ဂွန်း လက်မှတ်ထိုးပြီး လက်ခံသူနေရာမှာ ရမ်ပူရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးများဖြစ်တဲ့ ဦးစိုးမြင့်နဲ့ ကျွန်တော်တို့က လက်မှတ်ထိုးခဲ့ပါတယ်။ ရွေးကောက်ပွဲမတိုင်မီမှာ ကျွန်တော်၊ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၅ ဦးနဲ့အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ယာဉ် ၂ စီးနဲ့ သွားရောက်ပြီး ရမ်ပူရပ်ကွက်ရှိ မဲရုံ ၉ ရုံအတွက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၄၆၁ အုပ်၊ အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ် ၄၆၁ အုပ်၊ ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ် ၄၆၁ အုပ်၊ တိုင်းရင်းသားလူမျိုးများဖြစ်သည့် ဗမာ ၂၂၇ အုပ်၊ ရှမ်း ၁၁ အုပ်၊ လီဆူ ၂၈ အုပ်၊ ရဝမ် ၇ အုပ် ထုတ်ယူခဲ့ပါတယ်။ ထုတ်ယူရရှိသော မဲစာအုပ်များကို သက်ဆိုင်ရာ မဲရုံအလိုက် ဖြန့်ဝေပေးခဲ့ပါတယ်။ ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်မဲပေးမယ့်ကာလမှာ ထုတ်ပေးတဲ့ မဲလက်မှတ်များလိုအပ်နိုင်ပြီး မဲရုံမှူးများ အခက်အခဲတွေ့ရှိမည်ကို စိုးရိမ်သဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်၍ နေရာအနှံ့ထောင်ထားတဲ့ ပီနန်အိတ်အတွင်း မဲလက်မှတ်စာအုပ် ၁ ထုပ်လျှင် ၂၅ အုပ်ပါ ၃ ထုပ်ကျော် (မည်သည့်လွှတ်တော်မဲလက်မှတ်စာအုပ်မမှတ်မိ)အား ကော်မရှင်အဖွဲ့ခွဲရုံးမှာ စာရင်းမရေးသွင်းဘဲ မိမိသဘောဖြင့် ထုတ်ယူခဲ့ပါတယ်။ ထိုသို့ပြုမှုဆောင်ရွက်ခြင်းဟာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည်ကို သိရှိကြောင်း ထွက်ဆိုပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသည်။